ကြေးမုံ
The Mirror

၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်၊ သောကြာနေ့၊ (8-6-2012) (၇၁၄၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ နှစ်နိုင်ငံဆက်ဆံမှုနှင့် ရင်းနှီးချစ်ကြည်မှု တိုးတက်ခိုင်မြဲရေး၊ ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရေး ပွင့်လင်းစွာဆွေးနွေး

နေပြည်တော် ဇွန် ၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Bob Carr ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ အမျိုးသားစီမံကိန်းနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Bob Carr အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တစ်သောင်းကျပ်တန် ငွေစက္ကူအမျိုးအစားသစ် ၂၀၁၂ ခုနှစ် ဇွန်လ ၁၅ ရက်တွင် စတင်ထုတ်ဝေမည် လက်ရှိ တရားဝင်လှည့်လည်သုံးစွဲလျက်ရှိသော ငွေစက္ကူများနှင့် ငွေအကြွေများသည်လည်း တရားဝင်သုံးစွဲငွေအဖြစ် ဆက်လက်တည်ရှိ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

နေပြည်တော်

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၇ ရက်။

သတင်းကြေညာချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တစ်သောင်းကျပ်တန် ငွေစက္ကူအမျိုးအစားသစ်ကို ၂၀၁၂ ခုနှစ် ဇွန်လ ၁၅ ရက်နေ့တွင် စတင်ထုတ်ဝေပါမည်။ ငွေစက္ကူသစ်ကို ပြည်သူများအား ဘဏ်ဖွင့်ချိန်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်ငွေကြေးဌာနတွင်လည်းကောင်း၊ ဘဏ်များနှင့် အစိုးရငွေတိုက်များတွင်လည်းကောင်း ထုတ်ပေးပါမည်။

လက်ရှိ တရားဝင်လှည့်လည်သုံးစွဲလျက်ရှိသော ငွေစက္ကူများနှင့် ငွေအကြွေများသည်လည်း တရားဝင်သုံးစွဲငွေအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပါသည်။

ငွေစက္ကူသစ်နှင့်ပတ်သက်သည့် အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

တစ်သောင်းကျပ်တန်ငွေစက္ကူ

အရွယ်အစား ။ ။ ၁၅ × ၇ စင်တီမီတာ

ပေါ်လွင်သောအရောင် ။ ။ အပြာရောင်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

ပုံစံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

မျက်နှာဘက်



ကျောဘက်

ကြေးမုံစာတည်းရှုထောင့် ၈-၆-၂၀၁၂[သောကြာနေ့]။

အချိုးညီ အချိန်ကိုက် အားသွန်ခွန်စိုက်

အနောက်တောင် မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီ။ တနင်္သာရီဒေသတွင် နေရာအနှံ့အပြား၊ ပဲခူး၊ ရခိုင်၊ ကရင်နှင့် မွန်ဒေသတို့တွင် နေရာစိပ်စိပ်၊ မကွေး၊ ရန်ကုန်၊ ရှမ်းနှင့် ချင်းဒေသတို့တွင် နေရာကျဲကျဲ ရွာသွန်းခဲ့ပြီ။ အချို့ဒေသများ၌ နေရာကွက်ကျားမိုးထစ်ချုန်း ရွာသွန်းနေပြီ။ အချိန်မှန်ရွာသည့်မိုးသည် တောင်သူလယ်သမားများ၏ ထာဝရမိတ်ဆွေဖြစ်ရာ စိုက်သူပျိုးသူတို့ အချိုးညီ အချိန်ကိုက် အားသွန်ခွန်စိုက် လုပ်ငန်းခွင်ဝင်ကြရမည့် စိုက်ပျိုးရာသီချိန်သို့ ရောက်ရှိလာပြီဖြစ်သည်။

ဆန်စပါးသည် မြန်မာပြည်သူတို့ နေ့စဉ်စားသုံးနေသော သီးနှံ။ ဆန်စပါး စိုက်ဧကတိုး၍ စပါးအထွက်တိုးလျှင် ပြည်တွင်းစားသုံးမှုလည်း ဖူလုံမည်။ ပိုလျှံဆန်စပါးတင်ပို့ရောင်းချမှုများလာလျှင် စိုက်ပျိုးသူတောင်သူလယ်သမားများလည်း အကျိုးရှိ၊ နိုင်ငံ့စီးပွားလည်း တိုးတက်ဖွံ့ဖြိုးမည် အမှန်ပင်။ နိုင်ငံမြေဧရိယာ၏ ၇၅ ရာခိုင်နှုန်းမှာ မြေဆီမြေသား မြေသြဇာကောင်းလှသည်။ စိုက်ရေးပျိုးရေးတွင် အဓိကလိုအပ်သည့်ရေကို မိုးကောင်းမိုးမှန်သည့်ဒေသများ၌ မိုးရေအားဖြင့် စိုက်ကြသည်။ မိုးနည်းသည့်ဒေသများ၌ ဆည်ရေကို အားပြုစိုက်ပျိုးနိုင်ရန် ဖြည့်ဆည်းပေးမှုများ ရှိနေပေပြီ။ ကိုယ်တိုင်ကြိုးစားအားထုတ်စိုက်ပျိုးကြရန်သာ လိုအပ်သည်။

တောင်သူတို့၏ လယ်ယာစိုက်ပျိုးရေးစနစ် တစ်ခေတ်ပြောင်းလာပြီဖြစ်ရာ သမားရိုးကျလုပ်ကိုင်နေ၍ မရတော့ပေ။ စိုက်မည့်သီးနှံမျိုး၊ ခေတ်မီစိုက်နည်းစနစ်၊ သဘာဝမြေသြဇာ၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ အားဆေးသွင်းအားစုများ အချိန်မှန်အချိုးမှန် သုံးစွဲနိုင်ရေးနည်းနာတို့ကို မပြတ်လေ့လာနေကြရပေမည်။ ခေတ်မီစိုက်နည်းများ လေ့လာခြင်း၊ ဆည်းပူးခြင်း၊ လက်တွေ့အသုံးချစိုက်ပျိုးခြင်းတို့ကို လုပ်ငန်းခွင်တွင် အကျိုးရှိရှိလုပ်ဆောင်ကြရန်လည်း လိုအပ်မည်ဖြစ်သည်။

စိုက်ပျိုးရာသီချိန်သို့ ရောက်ရှိလာပြီဖြစ်ရာ တောင်သူလယ်သမားများ မုတ်သုံမိုးနှင့်အတူ ထယ်ရေးပြင် ထွန်ရေးငင်ကြရတော့မည်။ မိုးစပါးများ မှန်းထားချက်နှင့်အညီ အပြည့်အဝစိုက်ပျိုးကြရေး၊ တစ်ဧကအထွက်နှုန်းတိုးရေး ဦးတည်လုပ်ကိုင်ကြရပေမည်။ စပါးအထွက်တိုးရေးတွင် မျိုးကောင်းမျိုးသန့်စပါးများ အသုံးပြုရေးသည် ပဓာနကျသည်။ မျိုးကောင်း မျိုးသန့် စပါးများသည် အထွက်နှုန်းမြင့်သည်။ အရည်အသွေးကောင်းသည်။ စားသုံးမှုအရသာကောင်းသည့်အပြင် ပိုးမွှားရောဂါနှင့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသည်။ နေရာဒေသမရွေး စိုက်ပျိုးဖြစ်ထွန်းနိုင်သဖြင့် ရွေးချယ်သုံးစွဲသင့်သည်။

လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးစေရန် စိုက်ပျိုးရေးအပါအဝင် အရည်အသွေးကောင်း အထွက်နှုန်းတိုး စပါးမျိုးများ ဖြန့်ဝေပေးလျက်ရှိသည်။ စိုက်နည်းစနစ်မှန်ကန်ရေး၊ သီးနှံလေလွင့်ဆုံးရှုံးမှုနည်းပါးရေး အသိပညာပေးပွဲပိုးလျက်ရှိသည်။ လယ်ယာသုံးစက်ကိရိယာနှင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ပေါင်းစပ်လုပ်ကိုင်နိုင်ရေး အားပေးနေသည်များကို တွေ့ရသည်။ ယခုထက်ပို၍ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် ရရှိသုံးစွဲနိုင်ရေး ဖြည့်ဆည်းပေးနိုင်လျှင် စိုက်ပျိုးသူတို့အတွက် အထောက်အကူဖြစ်မည်။

သဘာဝရာသီဥတု ရေခံမြေခံကောင်းမွန်နေသည့်တိုင် စပါးအထွက်တိုးရေးစိုက်ပျိုးရာတွင် အရင်းအနှီးသည် လိုအပ်ချက်တစ်ခုဖြစ်သည်။ စိုက်ပျိုးသူအများစုမှာ ချေးငွေအပေါ် မှီခိုနေကြရဆဲဖြစ်သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ယခုနှစ်မိုးသီးနှံ ချေးငွေအတွက် ငွေကျပ် ဘီလီယံ ၃၀၀ ကျော် ထုတ်ချေးပေးသွားမည့် သတင်းကောင်းများ ကြားနေရသည်။ စပါးတစ်ဧက ကျပ်လေးသောင်း၊ အခြားသီးနှံတစ်ဧကကျပ်တစ်သောင်းနှုန်းဖြင့် ယခင်နှစ် မိုးသီးနှံ ချေးငွေပြန်ဆပ်ပြီးသူ လယ်သမားများကို တစ်ဦးလျှင် ၁၀ ဧကအထိ ထုတ်ချေးသွားမည်ဟုဆိုသည်။ အတိုးနှုန်းမှာ ငွေကျပ်တစ်ရာလျှင် တစ်နှစ် ရှစ်ရာခိုင်နှုန်းကျော်ကျော်သာ သတ်မှတ်ထားရာ ယခင့်ယခင်နှစ်များစွာကထက် များစွာသက်သာသောနှုန်းဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုတွင် အချိုးအစားအများဆုံး ပါဝင်နေဆဲဖြစ်သည်။ နိုင်ငံ၏အခြေခံလူတန်းစား တောင်သူလယ်သမားများ အခြေတင့်ဘဝအနေမြင့်ရေး နည်းလမ်းများ ချမှတ်ဖော်ဆောင်ပေးနေချိန်လည်းဖြစ်သည်။ သက်ဆိုင်ရာတို့က စိုက်ပျိုးရာသီအမီလိုအပ်သည့် စိုက်ပျိုးရေးသွင်းအားစုများ အချိန်အခါကိုက် ရရှိသုံးစွဲနိုင်ရေး အားပေးကူညီ၊ တောင်သူလယ်သမားများကလည်း တစ်နှစ်တစ်ရာသီအတွက် လုပ်သင့်လုပ်ထိုက်သည်များကို ကြိုတင်ပြင်ဆင် လယ်ယာလုပ်ငန်းခွင်ဝင် အလုပ်လုပ်ကြလျှင် လယ်ယာထုတ်ကုန် အရည်အသွေးမီ သီးနှံထုတ်လုပ်မှုများ ပိုမိုမြင့်မားလာနိုင်မည်ဟု ရှုမြင်မိပါသည်။ ။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကွန်ပျူတာပန်းချီနှင့် ပိုစတာပြိုင်ပွဲ ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၇

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ဇွန် ၄ ရက် နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၁၅)ကြိမ်မြောက် ကွန်ပျူတာပန်းချီနှင့် ပိုစတာပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုအားပေးသည်။**(ယာပုံ)**

အဆိုပါ ကွန်ပျူတာပန်းချီနှင့် ပိုစတာပြိုင်ပွဲတွင် တက္ကသိုလ်အဆင့်ကွန်ပျူတာ ပိုစတာပြိုင်ပွဲဝင် ၁၄ ဦး၊ အခြေခံပညာ အထက်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲဝင် ၁၅ ဦး၊ အလယ်တန်းအဆင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲဝင် (၂၀) စုစုပေါင်း ပြိုင်ပွဲဝင် ၄၉ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(၁)	ဦးသန်းလှိုင် ဒုတိယညွှန်ကြားရေးမှူးချုပ် မြေတိုင်းဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် မြေတိုင်းဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
(၂)	ဦးမိုးဇော်ရွှေ ဒုတိယညွှန်ကြားရေးမှူးချုပ် သာသနာရေးဦးစီးဌာန သာသနာရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် သာသနာရေးဦးစီးဌာန သာသနာရေးဝန်ကြီးဌာန
(၃)	ဒေါ်ခင်စန်းဦး ဒုတိယညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး	ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၇ - ၆ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ (ကျပ်)	၈၄၁. ၀၀၀	၀. ၀၀၁၁၉
ထိုင်း (ဘတ်)	၃၁. ၄၈၅၀	၀. ၀၃၁၇၆
တရုတ် (ယွမ်)	၆. ၃၆၄၉၀	၀. ၁၅၇၁၁
အိန္ဒိယ(ရူပီး)	၅၄. ၉၄၅၀	၀. ၀၁၈၂၀
မလေးရှား (ရင်းဂစ်)	၃. ၁၆၅၇၉	၀. ၃၁၅၈၆
စင်ကာပူ (ဒေါ်လာ)	၁. ၂၇၂၄၇	၀. ၇၈၅၈၇
ဂျပန် (ယန်း)	၇၉. ၆၄၉၉	၀. ၀၁၂၅၅
တောင်ကိုရီးယား(ဝမ်)	၁၁၇၀. ၃၈	၀. ၀၀၀၈၅
ယူရို	၀. ၇၉၄၀၂	၁. ၂၅၉၄၁
ဗြိတိသျှ (ပေါင်)	၀. ၆၄၂၁၇	၁. ၅၅၇၂၂

အင်တာနက်။

မိုးကြိုးအန္တရာယ်မှ ကာကွယ်ရေးအတွက် ဆောင်ရွက်ရန်အချက်များ

(က) အိမ်အပြင်တွင်ရောက်ရှိနေပါက အိမ်ထဲသို့ချက်ချင်းပြေးဝင်ပါ။
(ခ) ကွင်းပြင်တွင် ထီးတည်းကြီးမနေရန်၊ ဆောင့်ကြောင့်ထိုင်ပါ၊ ဒူးခေါင်းနှစ်ဖက်ပေါ် လက်များတင်ထားပါ၊ ခေါင်းငုံ့ထားပါ။
(ဂ) သစ်ပင်၊ ဓာတ်တိုင်နှင့် သံထည်ပစ္စည်းများအနီးတွင် မနေရန်၊
(ဃ) ရေကူးကန်၊ ရေကန်၊ မြစ်ချောင်း၊ အင်းအိုင် စသည့်နေရာများတွင် ရှိနေခဲ့လျှင် ရေထဲကချက်ချင်းတက်ပြီး လုံခြုံသောနေရာကိုရှာပြီးနေရန်၊
(င) အဆောက်အအုံများ၏အလယ်တွင်သာနေရန်၊ ရေပိုက်များနှင့် ရေဆေးခွက်များအနီးတွင် မနေရန်၊(မိုးကြိုးလျှပ်စီးမှုတစ်ဆင့် ဓာတ်လိုက်တတ်သည်။)
(စ) ကားထဲတွင် ရောက်နေပါက ကားထဲတွင်သာဆက်နေရန်၊
(ဆ) တယ်လီဖုန်းဆက်သွယ်ပါက တယ်လီဖုန်းလိုင်းမှတစ်ဆင့် မိုးကြိုးထိမှန်နိုင်သဖြင့် ကြိုးဖုန်းများ မသုံးရန်၊
(ဇ) အဆောက်အအုံများတွင် မိုးကြိုးလွှဲများတပ်ဆင်ထားရန်၊
(ဈ) တီဗွီ၊ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်မီးပူ၊ လျှပ်စစ်မီးဖိုစသည့် လျှပ်စစ်နှင့်ဆိုင်သော အိမ်အသုံးအဆောင်ပစ္စည်းများကို ပိတ်ထားရန်၊
(ည) လျှပ်စီးလက်သည်ကို မြင်သည်နှင့် (၁)မှ (၃၀) အထိရေတွက်ကြည့်ပါ၊ (၃၀) မပြည့်ခင် မိုးကြိုးပစ်သံကြားရပါက အမြန်ဆုံးအိမ်ထဲသို့ ပြေးဝင်ပါ။ (ဤလက္ခဏာသည် မိမိ၏ အပေါ်တည့်တည့်တွင် မိုးကြိုးမုန်တိုင်း ရောက်နေခြင်းဖြစ်ပါသည်။)
(ဋ) မိုးကြိုးပစ်တာရပ်ပြီး နာရီဝက်ကျော်ကြာမှ အိမ်ပြင်သို့ထွက်ရပါမည်။

၂၀၁၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇွန် ၇ ရက်က တာမွေမြို့နယ် သမဝါယမအသင်းစု လီမိတက်မှ အသင်းသားအသင်းသူများနှင့် ပြည်သူများအား စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးစဉ်။ (၀၈)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၈-၆-၂၀၁၂ (သောကြာနေ့)

၇း၁၀ တရားတော်
၈း၁၅ ဇာတ်လမ်းတို
၄း၄၀ လျှပ်တစ်ပြက်
၄း၅၅ အိုင်စီတီသုတ
၅း၀၀ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၀ လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်
၆း၃၀ “ရွှာ”ဟာသဇာတ်လမ်းတွဲ
၆း၄၅ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထောင်စုနှစ်သမီးပျို (အပိုင်း-၂၆)**
-ယနေ့ရန်ကုန်မြင်ကွင်းစုံ
-သံစဉ်များနှင့်ကမ္ဘာ
-ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ရင်ခုန်သံများချစ်ခြင်းများဖြင့်” (အပိုင်း-၅)
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “သမုဒယနှောင်ကြိုး” (အပိုင်း-၃၆)

ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်း မပြုရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။ **မီးသတ်ဦးစီးဌာန။**

မွေးမြူရေးလုပ်ငန်းများ ကျန်းမာရေးစစ်ဆေး

ဒေးဒရဲ ဇွန် ၇

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးသည် ဒေးဒရဲမြို့နယ်အတွင်းရှိ မွေးမြူရေးအစုအဖွဲ့များ၊ ကျေးရွာသမဝါယမအသင်းအစုများနှင့် တွေ့ဆုံဆွေးနွေးပွဲကို မေ ၂၈ ရက်တွင် ဒေးဒရဲမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်မှ မွေးမြူထားသော တိရစ္ဆာန်များ ပျက်စီးဆုံးရှုံးမှုနည်းစေရန် ပြုစုစောင့်ရှောက်ရမည့်နည်းစနစ်များ၊ မွေးမြူရေးအစုအဖွဲ့များ ဖွဲ့စည်းခြင်း၏ အကျိုးသက်ရောက်မှုများကို ရှင်းလင်းပြီး တက်ရောက်လာသူများ၏ မေးမြန်းတင်ပြချက်များကို ပြန်လည်ဆွေးနွေးသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီး ဦးဆောင်သောအဖွဲ့သည် သစ်ပေါင်းချောင်းကျေးရွာ သမဝါယမအသင်းစုမှ မွေးမြူထားသော ဝက်များ၏ ကျန်းမာရေးအခြေအနေနှင့် မွေးမြူထားရှိသည့် နည်းစနစ်များကို ကွင်းဆင်းစစ်ဆေးသည်။

(မွေး/ကု)

☆ **နိုင်ငံတော်သမ္မတမှ**

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Bob Carr ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတက အစိုးရသစ်လက်ထက် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေး ဆောင်ရွက်မှု အခြေအနေများ၊ နိုင်ငံတကာဆက်ဆံရေး နယ်ပယ်တွင် ကုလသမဂ္ဂဆုံးဖြတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်နေမှုများ၊ တရားဥပဒေစိုးမိုးမှု ခိုင်မာသော လူ့အဖွဲ့အစည်း ဖြစ်ပေါ်လာရေးကြိုးပမ်းဆောင်ရွက်ချက်များအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် နှစ်နိုင်ငံဆက်ဆံမှုနှင့် ရင်းနှီးချစ်ကြည်မှုများ ပိုမိုတိုးတက်ခိုင်မြဲရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာရေး၊ ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးနှင့် ငြိမ်းချမ်းရေးရရှိပြီးသည့် ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး စသည့် ကဏ္ဍများတွင် ကူညီထောက်ပံ့ပေးနိုင်ရေး၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ သတ္တုတူးဖော်ရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ၊ နည်းပညာအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံ တပ်မတော်များအကြား ဆက်ဆံမှု ပိုမိုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များအား အသေးစိတ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

○ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ**

မျက်နှာစာဘက် ။ ။ ထိပ်ပိုင်းတွင် "မြန်မာနိုင်ငံတော်ဗဟိုဘဏ်" စာတန်း ရိုက်နှိပ်ထားပါသည်။ အလယ်ပိုင်းတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မြေပုံ၊ ၎င်းကို ဝန်းရံထားသော သပြေခက် နှစ်ခက်၊ မျက်နှာချင်းဆိုင်တည်ရှိနေသည့် မြန်မာ့အနုပညာလက်ရာမြောက် ဆင်ဖြူတော်နှစ်စီးနှင့် ထိပ်တွင် ကြာဖြူတစ်ပွင့်ရိုက်နှိပ်ထားပါသည်။ ငွေစက္ကူတန်ဖိုးကို ဖော်ပြသည့်မြန်မာစာတန်း "တစ်သောင်းကျပ်" ကိုလည်း ရိုက်နှိပ်ထားပါသည်။ လက်ယာဘက်ပိုင်းတွင် မြန်မာ့အနုပညာလက်ရာမြောက် ကနုတ်ပန်းခက်များကို ရိုက်နှိပ်ထားပါသည်။ ထောင့်သုံးထောင့်တွင် ငွေစက္ကူတန်ဖိုးကို ဂဏန်းများဖြင့် ရိုက်နှိပ်ထားပါသည်။ ငွေစက္ကူနံပါတ်ကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ရိုက်နှိပ်ထားပါသည်။ လက်ဝဲဘက်ပိုင်းတွင် ကြာဖြူပွင့်ပုံရေစာပါရှိပါသည်။ ငွေစက္ကူတွင် လုံခြုံရေးကြိုးတစ်ချောင်းကို ဒေါင်လိုက်ထည့်သွင်းထားပါသည်။

ကျောဘက် ။ ။ ထိပ်ပိုင်းတွင် "CENTRAL BANK OF MYANMAR" စာတန်းကိုရိုက်နှိပ်ထားပြီး ၎င်းစာတန်း၏ အောက်တွင် "TEN THOUSAND KYATS" ဟူသော စာတန်းပါရှိပါသည်။ အလယ်ပိုင်းတွင် ရတနာပုံ မန္တလေးနန်းတော်၏မြို့ရိုးနှင့် ကျုံးပုံကို ရိုက်နှိပ်ထားပါသည်။ ဘေးဘောင်များတွင် မြန်မာ့အနုပညာလက်ရာမြောက် ကနုတ်ပန်းခက်များကို ရိုက်နှိပ်ထားပါသည်။ ထောင့်သုံးထောင့်တွင် ငွေစက္ကူ၏တန်ဖိုးကို ဂဏန်းများဖြင့် ရိုက်နှိပ်ထားပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား MITSUI & Co., Ltd. ဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇွန် ၇

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား MITSUI & Co., Ltd. ဥက္ကဋ္ဌ Mr. Masami Iijima နှင့်အဖွဲ့သည် ယနေ့ မွန်းတည့် ၁၂ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် MITSUI & Co., Ltd. အနေဖြင့် ပြုလုပ်မည့် စီးပွားရေးလုပ်ငန်းများ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတိုးချဲ့နိုင်ရေး အလားအလာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဇွန် ၇

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် ဇွန် ၆ ရက် နံနက်ပိုင်းတွင် မေတ္တာမြို့နယ်ခွဲ ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆင်ဖြူတိုင်ကျေးရွာ၌ ပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ရွှေချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ သပြုချောင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၊ ကျေးသားအင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းနှင့် ခေါင်းဆေးချောင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတို့သို့ သွားရောက်၍ လိုအပ်သည်များပံ့ပိုးဖြည့်ဆည်းပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြေးခံဘော်ကျေးရွာ ဘုရားကျောင်း၌ ပြည်သူများနှင့် တွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ် စာစောင်များ ပေးအပ်လှူဒါန်းပြီး ထားဝယ်-မေတ္တာလမ်း မိုင်တိုင်(၂၂/၅)တွင် ကျောက်စီမြေထိန်းနံရံ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၈-၆-၂၀၁၂ (သောကြာနေ့)

၇း၀၀	ပရိတ်တရားတော်	၅း၄၅	"စုစည်းခံစားကမ္ဘာ့အားကစား"
၈း၂၀	"ချစ်သောမြေ ချစ်သောရေ"	၆း၂၀	ရသစုံလင်အင်တာနက်ဥယျာဉ်
၈း၄၀	International News	၇း၀၀	**နိုင်ငံခြားဇာတ်လမ်းတွဲ "ဆ-ဆရာရှိသေပါ" (အပိုင်း-၁၂)**
၉း၄၀	"ချစ်လွန်းလို့"	၈း၀၀	ပြည်တွင်းသတင်း - လျှပ်တစ်ပြက်ဟာသများ **-နိုင်ငံခြားဇာတ်လမ်းတွဲ "ရင်ဆိုင်မယ့်နေ့ရက်များ" (အပိုင်း-၁၂)**
၉း၄၅	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)		
၅း၂၀	"မိုးလရာသီရောက်ခဲ့ပြီ မြေဆီစိုခိုက်သစ်ပင်စိုက်"		

ပြည်မြို့နယ်၌ မိုးပွင့်အဆင့်(၃) စီမံချက် ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇွန် ၇

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့နယ် အလိုတော်ရကျေးရွာ၌ ဇွန် ၂ ရက်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများက မိုးပွင့်အဆင့်(၃) စီမံချက်ဖြင့် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများထုတ်ပေးခြင်းလုပ်ငန်း ကွင်းဆင်း ဆောင်ရွက်ပေးနေမှုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်လေးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သီလရှင်များအား စတုတ္ထအကြိမ်မြောက် ဆွမ်းဆန်လောင်းလှူ

မိတ္ထီလာ ဇွန် ၇

မိတ္ထီလာမြို့တွင် သာသနာ့နွယ်ဝင် သီလရှင်များအား ဘက်စုံလှူဒါန်း ဆက်ကပ်နိုင်ရေး ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသည့် ဝိသာခါအဖွဲ့က မြို့နယ်အတွင်းရှိ သီလရှင် ၂၇၈ ပါးအား စတုတ္ထအကြိမ်မြောက် ဆွမ်းဆန်ဆက်ကပ်လောင်းလှူပွဲကို မေ ၄ ရက် ညနေ ၄ နာရီတွင် ဆုတောင်းပြည့် သာသနာ့ဗိမာန်အနီး ကျင်းပကြောင်း သိရသည်။ **(ဝဲပုံ)**

သုံးလတစ်ကြိမ် လပြည့်နေ့တိုင်း ကျောင်းတိုက်ပေါင်း ၁၇တိုက်မှ သီလရှင်အပါး ၃၂၀ ကို လောင်းလှူခြင်းဖြစ်ကြောင်း၊ ယခုအကြိမ်တွင် သီလရှင် ၂၇၈ ပါး အလှူခံကြွရောက်ကြောင်း၊ မိတ္ထီလာတွင် ရန်အောင်မြင် ဆွမ်းလောင်းအသင်းကဲ့သို့ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းသည့် ဆွမ်းလောင်းအသင်းရှိသော်လည်း သီလရှင်များကို ဆွမ်းဆန်လောင်းလှူသည့် အသင်းအဖွဲ့မရှိသေးသည့်အတွက် ဝိသာခါအဖွဲ့ကို ရွှေမြင်တင်ကျောင်းဆရာတော် ဘဒ္ဒန္တတေဇနိယဦးဆောင်ပြီး ဖွဲ့စည်းလောင်းလှူကြခြင်းဖြစ်ကြောင်း၊ ဆွမ်းဆန်၊ ဆီ၊ ဆပ်ပြာ၊ အမွှေးတိုင်စသည့် လှူဖွယ်ဝတ္ထုမျိုးစုံကို ဒေသခံအလှူရှင်စေတနာရှင်များနှင့် ဝိသာခါအဖွဲ့ဝင်များက စုပေါင်းလောင်းလှူကြကြောင်း အဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

(၇၇၉)

အိုလံပစ်နေ့အထိမ်းအမှတ် အာဆီယံစစ်တုရင်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၇

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပမည့် ၂၀၁၂ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် အာဆီယံ စစ်တုရင်ပြိုင်ပွဲကို ဇွန် ၂၀ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ဇွန် ၁၉ ရက် နောက်ဆုံးထား၍ အောင်ဆန်းအားကစားပြိုင်ကွင်းရှိ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ရုံးတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အာဆီယံစစ်တုရင် (ASEAN Chess) ကစားနည်းသည် မြန်မာ့ရိုးရာစစ်တုရင်၊ ထိုင်းရိုးရာစစ်တုရင်နှင့် ကမ္ဘောဒီးယားရိုးရာ စစ်တုရင်ကစားနည်းများအား ပေါင်းစပ်ထားခြင်းဖြစ်သည်။ ၂၀၁၁ ခုနှစ် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပထမဦးဆုံးအကြိမ် ထည့်သွင်းကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဒုတိယအကြိမ်ထည့်သွင်းကျင်းပမည် ဖြစ်သည်။ ဤပြိုင်ပွဲမှ အာဆီယံစစ်တုရင်ကစားနည်းအတွက် ပဏာမလက်ရွေးစင်များ ရွေးချယ်မည်ဖြစ်သည်။

(ကြေးမုံ)

ကြေးမုံသတင်းစာသို့ စိတ်ဝင်စားဖွယ် သတင်း၊ ဓာတ်ပုံများနှင့် အကြံပြုစာများပေးပို့နိုင်

နေပြည်တော် ဇွန် ၇

ကြေးမုံသတင်းစာကို ပြည်သူများစိတ်ဝင်စားဖွယ်ဖြစ်အောင် ယခုအခါ ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိပါသည်။ သို့ပါ၍ မြို့နယ်သတင်းထောက်များ၊ စာပေဝါသနာရှင်များ၊ သတင်းစိတ်ဝင်စားသူများသည် မိမိတို့မြို့နယ်အတွင်း ဖြစ်ပေါ်လျက်ရှိသော သတင်းဦး၊ သတင်းထူး၊ စိတ်ဝင်စားဖွယ်သတင်းနှင့် ဓာတ်ပုံများကို အချက်အလက်အထောက်အထားမှန်ဖြင့် အမည်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ပြည့်စုံစွာရေးသား၍ ပေးပို့နိုင်သည့်အပြင် သတင်းစာဖတ်ပရိသတ်များအနေဖြင့်လည်း ဝေဖန်အကြံပြုစာများကို ကြေးမုံသတင်းစာတိုက် နေပြည်တော်သို့ အီးမေးလ်လိပ်စာ themirror.npt@gmail.com နှင့် ဖက်စ်ဖုန်း-၀၆၇-၃၆၁၃၁ တို့ဖြင့် ပေးပို့နိုင်ပါသည်။

(စာတည်းအဖွဲ့)

အခြေခံစာကြည့်တိုက်ပညာ (ဆင့်ပွား) သင်တန်း အမှတ်စဉ်(၁/၂၀၁၂) ထားဝယ်မြို့၌ ဖွင့်လှစ်

နေပြည်တော် ဇွန် ၇

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ကြီးမှူးဖွင့်လှစ်သည့် အခြေခံစာကြည့်တိုက်ပညာ (ဆင့်ပွား) သင်တန်း အမှတ်စဉ် (၁/၂၀၁၂)ဖွင့်ပွဲကို ဇွန် ၅ ရက် နံနက် ၉ နာရီတွင် ထားဝယ်မြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီနီချို(**အောက်ပုံ**) က အဖွင့်စကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးညွှန့်ရွှေကအခြေခံစာကြည့်တိုက်ပညာ(ဆင့်ပွား) သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းတွင် စာကြည့်တိုက်ဖွဲ့စည်းပျိုးထောင်ရေးနှင့် စီမံခန့်ခွဲရေး၊ စာစု၊ စာပြု၊ စာဖြန့်လုပ်ငန်း၊ စာပေပစ္စည်း ပြုပြင်ထိန်းသိမ်းရေး၊ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ် ဘာသာရပ်များကို ဇွန် ၅ ရက်မှ ၆ ရက်အထိ ပို့ချခဲ့ပြီး ထားဝယ်မြို့နယ်အတွင်းရှိ ကျေးရွာများမှ စာကြည့်တိုက်မှူး ၄၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပါကစ္စတန်နိုင်ငံက ၂၀၁၂ ခုနှစ် မေ ၂၉ ရက်တွင် လုပ်ဆောင်ခဲ့သော နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သည့် ဟတ်ဖ်-၉ အမျိုးအစား တာတိုပစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်မှု။

အိန္ဒိယနှင့်ပါကစ္စတန်အကြား နျူလက်နက်တပ်ဆင်မှုပြိုင်ပွဲ အရှိန်မြင့်တက်လာ

စတော့ဟုမ်း ဇွန် ၇

အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံလုံးသည် ပိုမိုခေတ်မီဆန်းပြားသော နျူကလီးယားဒုံးကျည်များအား တည်ဆောက်လျက်ရှိရာ ယင်းနှစ်နိုင်ငံအကြား နျူကလီးယားလက်နက်တပ်ဆင်မှုပြိုင်ပွဲတစ်ရပ် ပေါ်ပေါက်လာမည့်အရေး စိုးရိမ်ရကြောင်း ဇွန် ၅ရက် သတင်းများတွင် ဖော်ပြသည်။

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့အခြေစိုက် နိုင်ငံတကာ ငြိမ်းချမ်းရေးသုတေသန အင်စတီကျု(ဆစ်ပရီ)၏ အဆိုအရ ပါကစ္စတန်နိုင်ငံသည် တာတိုပစ်ဒုံးကျည်များ၏ စွမ်းပကားအား မြှင့်တင်လျက်ရှိပြီး အိန္ဒိယနိုင်ငံကလည်း မြေပြင်၊ ဝေဟင်နှင့် ရေပြင်တို့မှနေ၍ နျူကလီးယားလက်နက်များ ပစ်ခတ်နိုင်မည့် လက်နက်စနစ်များကို တည်ဆောက်နေကြောင်း သိရသည်။

အိန္ဒိယနှင့်ပါကစ္စတန်တို့သည် ၎င်းတို့ပိုင်ဆိုင်ထားသော နျူကလီးယားလက်နက်များကို အရေအတွက်အရရော နည်းပညာအရပါ မြှင့်တင်နေကြပြီး နျူကလီးယားထိပ်ဖူးတပ်ဆင်ပစ်ခတ်နိုင်သည့် ဒုံးကျည်များနှင့် ခရုဇ်ဒုံးကျည်သစ်များအား တည်ဆောက်ဖြန့်ကြက်လျက်ရှိကြောင်း ဆစ်ပရီအဖွဲ့က ပြောကြားခဲ့သည်။

ယခုနှစ်အစောပိုင်းမှစ၍ အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံထံမှ နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောတစ်စင်းအား ငှားရမ်းအသုံးပြုလျက်ရှိပြီး လာမည့်နှစ်တွင် နျူကလီးယားလက်နက်များ တပ်ဆင်၍ စစ်ကစားနိုင်သည့် ၎င်းကိုယ်ပိုင်နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောအား အသုံးပြုနိုင်မည်ဟု မျှော်လင့်ရသည်။

နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောများ အသုံးပြုခြင်းဖြင့် နျူလက်နက်များကို ဝေဟင်၊ ရေပြင်နှင့် မြေပြင်တို့မှ ပစ်ခတ်နိုင်ရေးအတွက် အိန္ဒိယနိုင်ငံ၏ စွမ်းရည်လိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

နျူလက်နက် ၉၀ မှ ၁၁၀ အထိ ပိုင်ဆိုင်ထားသော ပါကစ္စတန်သည် အိန္ဒိယနိုင်ငံထက် နျူလက်နက်အရေအတွက်အားဖြင့် အနည်းငယ်သာလွန်သည်။

အိန္ဒိယနိုင်ငံသည် နျူလက်နက်အရေအတွက် ၈၀ မှ ၁၀၀ အထိပိုင်ဆိုင်ထားကြောင်း ယုံကြည်ရသည်။ **အင်တာနက်။**

ဂေဟစနစ်ပြိုကွဲနိုင်မှု ကမ္ဘာ့အနာဂတ်ကို ခြိမ်းခြောက်နေ

ဘာကလေ ဇွန် ၇

ရာသီဥတုပြောင်းလဲမှု၊ လူဦးရေတိုးပွားမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်ယွင်းမှုများကြောင့် မဝေးတော့သည့် အနာဂတ်၌ ကမ္ဘာ့ဂေဟဗေဒစနစ်ပြိုကွဲသွားနိုင်ကြောင်း သိပ္ပံပညာရှင်များက ဇွန် ၆ ရက်တွင် ပြောကြားခဲ့သည်။

ကမ္ဘာ့ဇီဝသံသရာလည်ပတ်မှုစနစ် ဟန်ချက်ပျက်ယွင်းမှုရေဆူမှတ် (Tipping Point)သည် ယခုရာစုနှစ်အတွင်းမှာပင် ဖြစ်ပေါ်လာနိုင်ကြောင်း ကမ္ဘာ့ထိပ်တန်းသုတေသနပညာရှင်များ စုပေါင်းပြုစုထားသည့် စာတမ်းတွင် ဖော်ပြထားသည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၁၂၀၀၀ ခန့်က ကမ္ဘာ့ရေခဲပြင်ကြီးများ ဆုတ်ယုတ်ကွယ်ပျောက်ခဲ့ချိန်နောက်ပိုင်း မကြုံစဖူး အမြန်နှုန်းဖြင့် ဇီဝသံသရာစနစ်အကြီးအကျယ်ပြောင်းလဲ၍ မျိုးစိတ်များ ပျက်သုဉ်းမည့်ကာလကို ရေဆူမှတ်ကာလ (Tipping Point) အဖြစ် သိပ္ပံပညာရှင်များက သတ်မှတ်ထားသည်။

ဇီဝသံသရာလည်ပတ်မှုစနစ်ပျက်ယွင်းချိန် ရေဆူမှတ်ကာလသို့ ရောက်ရှိခဲ့ပါက လူသားများအနေဖြင့် ကမ္ဘာ့ဂေဟစနစ်အပြောင်းအလဲ၏ အကျိုးသက်ရောက်မှုများနှင့် ရင်ဆိုင်ကြရမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက သတိပေးထားသည်။

ဂေဟစနစ်အငယ်စား ၅၀ မှ ၉၀ ရာခိုင်နှုန်းအထိသည် အပြောင်းအလဲများစတင်ဖြစ်ပေါ်နေပြီဖြစ်သည်နှင့်အမျှ သက်ရှိမျိုးစိတ်များ ပျောက်ကွယ်လာရာ ကမ္ဘာ့ဂေဟစနစ်ကွန်ရက်တစ်ခုလုံး အခြေအနေသစ်တစ်ရပ်သို့ ပြောင်းလဲရန် ဦးတည်နေကြောင်း သိပ္ပံပညာရှင်များ၏စာတမ်း၌ သုံးသပ်ထားသည်။

လက်ရှိအပြောင်းအလဲများအရ ၂၀၂၅ ခုနှစ်အရောက်တွင် ဇီဝသံသရာစနစ်ပျက်ယွင်းမှု ရေဆူမှတ်သို့ရောက်ရှိရန် ရာနှုန်းထက်ဝက်မျှသာလိုတော့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဇွန် ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် ကုလသမဂ္ဂရေရှည်ဖွံ့ဖြိုးမှုဆိုင်ရာ ညီလာခံမတိုင်မီ အဆိုပါ စာတမ်းပေါ်ထွက်လာခြင်းဖြစ်သည်။ **အင်တာနက်။**

ပဋိဇီဝဆေးဝါးမတိုးသည့် ကာလသားရောဂါ ကမ္ဘာတစ်ဝန်းပျံ့နှံ့ဖြစ်ပွားနေ

လန်ဒန် ဇွန် ၇

ပဋိဇီဝဆေးဝါးများကို ယဉ်ပါးခံနိုင်ရည်ရှိသည့် ဆီးပူညောင်းကျ ကာလသားရောဂါပိုးများသည် ကမ္ဘာတစ်ဝန်း နိုင်ငံများ၌ ကူးစက်ပျံ့နှံ့နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က ဇွန် ၆ ရက်တွင် ပြောကြားခဲ့သည်။

ယင်းရောဂါပိုးနှင့်ပတ်သက်၍ ဆေးပညာရှင်များက အချိန်မီကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိပါက ကာလသားရောဂါဝေဒနာသည် သန်းပေါင်းများစွာအတွက် ကုထုံးလက်မဲ့ဖြစ်လိမ့်မည်ဖြစ်ကြောင်း ဒဗလျူအိတ်ချ်အိုက သတိပေးခဲ့သည်။

ကာလသားရောဂါတိုက်ဖျက်ရေးအတွက် လက်ရှိအသုံးပြုနေသော ပဋိဇီဝဆေးဝါးအားလုံးကို ယဉ်ပါးခံနိုင်ရည်ရှိသည့် ကာလသားရောဂါပိုးအသွင်သစ်တစ်မျိုးအား ၂၀၀၈ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ တွေ့ရှိခဲ့ကြောင်း ပြီးခဲ့သည့်နှစ်အတွင်း သိပ္ပံပညာရှင်များက တင်ပြခဲ့ကြပြီးဖြစ်သည်။

အဆိုပါ ကာလသားရောဂါပိုးအသွင်သစ်ကြောင့် တစ်ချိန်က ကုသရလွယ်ကူခဲ့သည့် ကာလသားရောဂါသည် ကမ္ဘာ့ကျန်းမာရေးဆိုင်ရာပြဿနာကြီးတစ်ရပ်အဖြစ် အသွင်ပြောင်းသွားနိုင်ကြောင်း သိပ္ပံပညာရှင်များက သတိပေးခဲ့သည်။

ယခုအခါ သိပ္ပံပညာရှင်များ၏ သတိပေးချက်အတိုင်း ကာလသားရောဂါတိုက်ဖျက်ရေးဆေးဝါးများအနက် အထိရောက်ဆုံးဖြစ်သော ဆစ်ဖလိုစပရင်(Cephalosprin)အမည်ရှိ ပဋိဇီဝဆေးပင်မတိုးတော့သည့် ကာလသားရောဂါသည် ဩစတြေးလျ၊ ပြင်သစ်၊ နော်ဝေ၊ ဆွီဒင်နှင့် ဗြိတိန်အပါအဝင် နိုင်ငံအများအပြား၌ ဖြစ်ပွားနေကြောင်း ဒဗလျူအိတ်ချ်အိုက ပြောကြားခဲ့သည်။

လိင်ဆက်ဆံမှုမှတစ်ဆင့် ကူးစက်တတ်သောကာလသားရောဂါသည် ကျန်းမာရေးဆိုင်ရာ အဓိကပြဿနာတစ်ရပ်ဖြစ်လာပြီး နှစ်စဉ်ကမ္ဘာတစ်ဝန်း၌ လူပေါင်း ၁၀၆ သန်းတို့မှာ ရောဂါကူးစက်မှုခံနေရကြောင်း သိရသည်။

ပဋိဇီဝဆေးဝါးများအား စည်းစနစ်တကျ သုံးစွဲမှုမရှိခြင်းနှင့် အလွန်အကျွံသုံးစွဲမှုများကြောင့် ကာလသားရောဂါ ဗက်တီးရီးယားပိုး၏ သဘာဝမျိုးဗီဇများ အပြောင်းအလဲဖြစ်ကာ ဆေးဒဏ်ခံနိုင်သည့် ရောဂါပိုးအသွင်သစ်ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။ **အင်တာနက်။**

ကဒါဖီခေတ်လွန်လစ်ဗျား၌ ကန္တာရကျိုင်းကောင်များ အန္တရာယ် ပေါ်ထွက်လာ

ဂျီနီဗာ ဇွန် ၇

ကဒါဖီအလွန်ကာလ နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် လစ်ဗျားနိုင်ငံသည် ကျိုင်းကောင်အန္တရာယ်ထိန်းချုပ်ရေးကို လုပ်ဆောင်နိုင်ခြင်းမရှိခဲ့ရာ နိုင်ငံတွင်းရှိ သီးနှံစိုက်ခင်းများနှင့် အနီးအနား အာဖရိကနိုင်ငံများမှ သီးနှံစိုက်ခင်းများမှာ ကျိုင်းကောင်အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို)က ဇွန် ၅ ရက်တွင် သတိပေးခဲ့သည်။

သီးနှံများဖြစ်ထွန်းလွယ်သည့် မိုးအကုန်ကာလ မေလလယ်မှစ၍ လစ်ဗျားနိုင်ငံနှင့် အယ်လ်ဂျီးရီးယားနိုင်ငံတို့တွင် ကျိုင်းကောင်အုပ်ကြီးများစတင်ပေါ်ထွက်လာခဲ့သည်။

သို့ရာတွင် လစ်ဗျားနှင့် အယ်လ်ဂျီးရီးယားနှစ်နိုင်ငံ နယ်စပ်တစ်လျှောက် လုံခြုံရေးအခြေအနေစိတ်မချရမှုကြောင့် ကျိုင်းကောင်ကျရောက်ရာဒေသများအား ပိုးသတ်ဆေးဖျန်းနိုင်ခြင်းမရှိခဲ့ကြောင်း အက်ဖ်အေအိုက ပြောကြားခဲ့သည်။

ကဒါဖီအစိုးရလက်ထက်တွင် ကျိုင်းကောင်ထိန်းချုပ်ရေးလုပ်ငန်းအား တင်းတင်းကျပ်ကျပ်လုပ်ဆောင်နိုင်ခဲ့ပြီး ယင်းသတ္တဝါများ ပေါက်ပွားရာ ကန္တာရဒေသများသို့ အင်းဆက်ပိုးမွှား ထိန်းချုပ်ရေးယာဉ်များနှင့် လေ့လာရေးအဖွဲ့များ ပုံမှန်စေလွှတ်ပေးခဲ့သည်။ ယင်းအပြင် ကျိုင်းကောင်အန္တရာယ်ကြုံနေရသော အခြားအာဖရိကနိုင်ငံများကိုလည်း အကူအညီပေးနိုင်ခဲ့သည်။

သီးနှံဖျက်ကန္တာရကျိုင်းကောင်များအား သေချာစွာစောင့်ကြည့်နိုင်ခြင်းမရှိပါက ယင်းသတ္တဝါများသည် ကောင်ရေပိုမိုတိုးပွားလာပြီး အိမ်နီးချင်းနိုင်ဂျာနှင့် မာလီနိုင်ငံများဘက်သို့ ဝင်ရောက်လေ့ရှိသည်။

ကျိုင်းကောင်ကျရောက်ချိန်တွင် အကျယ်အဝန်းဧရိယာ စတုရန်းမိုင် ရာပေါင်းများစွာရှိသော စိုက်ခင်းများအား ကောင်ရေ ဘီလီယံပေါင်းများစွာရှိသည့် ကျိုင်းကောင်များက ဖျက်ဆီးစားသောက်တတ်ကြသည်။ **အင်တာနက်။**



အမေရိကန်ပြည်ထောင်စု အော်ရီဂွန်ပြည်နယ် ကမ်းခြေဒေသတစ်ခု၌ တင်ကျန်နေသော ဆူနာမီရေမျောဆိပ်ခံတံတားကြီးကို တွေ့ရစဉ်။

ဆူနာမီရေမျောဆိပ်ခံတံတား အမေရိကန်ကမ်းခြေသို့ ရောက်ရှိလာ

ပို့သ်လန်း ဇွန် ၇

၂၀၁၁ ခုနှစ် မတ် ၁၁ ရက် ဂျပန်ဆူနာမီကပ်ဘေးကြောင့် သမုဒ္ဒရာရေပြင်အတွင်း မျောပါခဲ့ရသော ဧရာမဆိပ်ခံတံတားတစ်ခုသည် အမေရိကန်ပြည်ထောင်စု အော်ရီဂွန်ပြည်နယ် ကမ်းခြေဒေသတစ်ခုသို့ ဆိုက်ရောက်ခဲ့ရာ အမေရိကန်ပြည်ထောင်စု အနောက်ဘက်ကမ်းရိုးတန်းဒေသ၌ တင်ကျန်လာခဲ့သမျှ ဂျပန်ဆူနာမီအမှိုက်များအနက် အကြီးမားဆုံးဖြစ်နိုင်ကြောင်း ဇွန်၇ ရက် သတင်းများတွင် ဖော်ပြသည်။

ကွန်ကရစ်နှင့် သတ္တုတို့ဖြင့် တည်ဆောက်ထားပြီး အလျား ၆၆ ပေရှိသော အဆိုပါဆိပ်ခံတံတားကို အော်ရီဂွန်ပြည်နယ် ကမ်းလွန်ရေပြင်အတွင်း ဇွန် ၄ ရက်တွင် စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယင်းဆိပ်ခံတံတားသည် ပို့သ်လန်းမြို့ အနောက်တောင်ဘက်မိုင် ၁၀၀ ခန့်အကွာရှိ အက်ဂ်ဂိတ်အမည်ရှိ ကမ်းခြေ၌ ဒီရေအတက်တွင် တင်ကျန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဆိပ်ခံတံတားသည် မတ် ၁၁ ရက် ဆူနာမီရေလှိုင်းများကြောင့် ပစိဖိတ်သမုဒ္ဒရာကို ဖြတ်သန်း၍ မိုင်ပေါင်း ၅၅၀၀ အကွာအထိ မျောပါခဲ့ရသော ဆူနာမီအမှိုက်ဖြစ်ကြောင်း ပို့သ်လန်းမြို့ ဂျပန်ကောင်စစ်ဝန်ရုံးမှ ကောင်စစ်ဝန်ချုပ်က အတည်ပြုခဲ့သည်။

ဆူနာမီရေမျောဆိပ်ခံတံတား၌ ရေဒီယိုသတ္တိကြွမှု ဖြစ်ပေါ်ခြင်းရှိ၊ မရှိ စစ်ဆေးခဲ့ရာ ရေဒီယိုသတ္တိကြွ ဓာတ်ရောင်ခြည်အန္တရာယ်ကင်းရှင်းသည်ကို တွေ့ရကြောင်း အော်ရီဂွန်ပြည်နယ် တာဝန်ရှိသူများက ပြောကြားသည်။

ပြီးခဲ့သည့် ဧပြီလအတွင်း အလာစကာကမ်းရိုးတန်း ကမ်းလွန်၌ လုံခြုံရေးဆိုင်ရာအကြောင်းပြချက်ဖြင့် နှစ်မြှုပ်ခံရသော ဆူနာမီရေမျော ဂျပန်ငါးဖမ်းသင်္ဘောထက်လည်းကောင်း၊ မေလအစပိုင်း၌ ကနေဒါနိုင်ငံကမ်းရိုးတန်းဒေသတစ်ခုသို့ ရောက်ရှိလာသည့် သင်္ဘောတင်ကွန်တိန်နာထက်လည်းကောင်း ယခုဆိပ်ခံတံတားက အရွယ်အစားပိုကြီးမားသည်။

ဂျပန်ဆူနာမီအမှိုက်များသည် အမေရိကန်နှင့် ကနေဒါအနောက်ဘက်ကမ်းရိုးတန်းဒေသသို့ စတင်ရောက်ရှိလျက်ရှိပြီး မကြာမီလများအတွင်း အရွယ်အစားကြီးမားသည့် ဆူနာမီ ရေမျောအမှိုက်ထုကြီး ရောက်ရှိလာနိုင်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။ **အင်တာနက်။**

ဆွန်မင်းဆက်ခေတ် ကုန်သင်္ဘောပျက် လေ့လာရန် တရုတ်ပညာရှင်များပြင်ဆင်

ယန်ကျင်း ဇွန် ၇

ပင်လယ်ရေအောက်မှ ဆယ်ယူထားသည့် ၁၃ ရာစုခေတ်လက်ရာ တရုတ်ကုန်တင်သင်္ဘောတစ်စင်းကို စူးစမ်းလေ့လာရန် ပြင်ဆင်နေပြီဖြစ်ကြောင်း တရုတ်နိုင်ငံမှ ရှေးဟောင်းသုတေသနပညာရှင်များက ဇွန် ၆ ရက်တွင် ပြောကြားခဲ့သည်။

နန့်ဟိုင်-၁ ဟူ၍အမည်ပေးထားသော အဆိုပါရှေးခေတ်ကုန်တင်သင်္ဘောကို လက်ရှိအချိန်တွင် ကျွမ်းကျင်သူများ လေ့လာနိုင်ရေးအတွက် အထူးစီစဉ်တည်ဆောက်ထားသည့် ရေလှောင်ကန်အတွင်း ထည့်သွင်းထားရှိထားကြောင်း သိရသည်။

တရုတ်နိုင်ငံ တောင်ပိုင်းဆွန်မင်းဆက်ခေတ်၏ နန့်ဟိုင်-၁ ကုန်တင်သင်္ဘောကို ၂၀၀၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် တောင်တရုတ်ပင်လယ်ဒေသမှ ဆယ်ယူခဲ့ခြင်းဖြစ်သည်။ ဆယ်ယူမှုပြုလုပ်စဉ်အတွင်း ယင်းသင်္ဘောပေါ်တွင် တင်ဆောင်ထားသော ရှေးခေတ်လက်ရာ ကုန်ပစ္စည်းအများစုကိုပါ ရရှိခဲ့သည်။

ယင်းသင်္ဘောပျက်အား နောက်ဆုံးအကြိမ် ရွှေ့ပြောင်းနေရာချထားရေးဆိုင်ရာစီမံချက်နှင့်စပ်လျဉ်း၍ အပြီးသတ်ဆုံးဖြတ်ချက်ကို တရုတ်နိုင်ငံ ယဉ်ကျေးမှုအမွေအနှစ်များ စီမံအုပ်ချုပ်ရေးဌာနက ယခုနှစ်ကုန်၌ ဆုံးဖြတ်သွားမည်ဖြစ်သည်။

လက်ရှိအချိန်တွင် နန့်ဟိုင်-၁ သင်္ဘောကို ကွမ်တုန်ပြည်နယ် ယန်ကျင်းမြို့ ရေကြောင်းပိုးလမ်းမပြတိုက်ရှိ အလျားပေ ၅၀၀ ရှိသောရေကန်အတွင်း အထူးပြုလုပ်ထားသည့် အလုံပိတ်သေတ္တာဖြင့် ထည့်သွင်းထားရှိသည်။

သင်္ဘောမပျက်စီးရေးအတွက် သင်္ဘောနစ်မြုပ်တည်ရှိခဲ့ရာ ရေအောက်အခြေအနေအတိုင်း အဆိုပါရေကန်အတွင်း အပူချိန်နှင့် ဖိအားကို ထိန်းညှိဖန်တီးပေးထားပြီး ဆားငန်ရေများ ဖြည့်တင်းပေးထားသည်။

နန့်ဟိုင်-၁ သင်္ဘောသည် အလျား ၃၀ ဒသမ ၄ မီတာရှည်လျားပြီး အနံ ၉ ဒသမ ၈ မီတာရှိကာ ရွက်တိုင်အပါအဝင် အမြင့် ၃ ဒသမ ၅ မီတာရှိပြီး ရှေးခေတ်ရေကြောင်း ပိုးလမ်းမပေါ်၌ ပထမဆုံးတွေ့ရှိခဲ့သည့် ရှေးခေတ်ကုန်တင်သင်္ဘောဖြစ်သည်။ **အင်တာနက်။**

ချင်းပြည်နယ် တီးတိန်မြို့နယ် မွေတောင်ဒေသ၌ နီကယ်သတ္တုသိုက် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးလုပ်ငန်း သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ ကျင်းပ

သတ္တုတွင်းဝန်ကြီးဌာန ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာနနှင့် North Mining Investment Company Limited တို့၏ ချင်းပြည်နယ် တီးတိန်မြို့နယ် မွေတောင်ဒေသ၌ နီကယ်သတ္တုသိုက်အား ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်း သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇွန် ၇

သတ္တုတွင်းဝန်ကြီးဌာန ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနနှင့် North Mining Investment Company Limited တို့၏ ချင်းပြည်နယ် တီးတိန်မြို့နယ် မွေတောင်ဒေသ၌ နီကယ်သတ္တုသိုက်အား ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်း သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဇွန် ၆ ရက် ညနေ ၅ နာရီတွင် နေပြည်တော်ရှိ အမရဟိုတယ်၌ ကျင်းပရာ အခမ်းအနားသို့ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် တွဲဖက်အတွင်းရေးမှူး ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ North Mining Investment Company Limited ဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က အဖွင့်အမှာစကား ပြောကြားပြီး ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မွေတောင်နီကယ်သတ္တုသိုက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ North Mining Investment Company Limited ဥက္ကဋ္ဌက စာချုပ်ချုပ်ဆိုနိုင်ခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် North Mining Investment Company Limited ဥက္ကဋ္ဌတို့က သဘောတူစာချုပ်များ လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် တွဲဖက်အတွင်းရေးမှူး သူရဦးသောင်းလွင်က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကိုလည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က ဝန်ကြီးဌာနခွင့်ပြုမိန့်ကိုလည်းကောင်း North Mining Investment Company Limited ဥက္ကဋ္ဌ Mr. Li Li ထံ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဧည့်လမ်းညွှန်(အခြေခံ) သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၇

ဧည့်လမ်းညွှန်(အခြေခံ)သင်တန်း အမှတ်စဉ်(၄၁)ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဝါးတန်းလမ်းရှိ ပန်ဒါဟိုတယ်၌ ကျင်းပရာ မြန်မာ့ဟိုတယ် နှင့် ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှဌေး တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းရှိ ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၁၁၀ တက်ရောက်ကြကာ သင်တန်းကာလမှာ ဇူလိုင် ၂၇ ရက်အထိ ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ

ရန်ကုန် ဇွန် ၇

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာတင်လတ်က "ပညာရှင်များ၏ ကျင့်ဝတ်သိက္ခာနှင့်စည်းကမ်း" (Professional Ethics) ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို ဇွန် ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ခန်းမ၌ ကျင်းပမည် ဖြစ်သည်။ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက် ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် ဇွန် ၂၀ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းရုံးခန်း အမှတ်(၁/၁၉) သခင်မြပန်းခြံလမ်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း(ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည် ဖြစ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း(ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား သင်တန်းသူများအနေဖြင့် ဟောပြောပွဲ တက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှလာရောက်သူများ အနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

ဆေးဖက်ဝင်ပြီး ဝင်ငွေကောင်းသည့် ကွမ်းရွက်

သတင်း - နိုင်လင်းကြည်(ကြေးမုံ) ➢ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)

မြန်မာနိုင်ငံတွင် ကွမ်းကို တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်စိုက်ပျိုးသည့် ဒေသ အများအပြားရှိရာ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ရွှေဒါးသာစည်ကျေးရွာအုပ်စု လယ်ပြင်သာကျေးရွာသည်လည်း စီးပွားဖြစ်ကွမ်း အဓိကစိုက်ပျိုးသောဒေသတစ်ခုဖြစ်ပြီး အများအခေါ်အနေဖြင့် ရွှေဒါးကွမ်း(သို့မဟုတ်)ကွမ်းကြမ်းများ ထွက်ရှိရာဒေသဖြစ်သည်။

လယ်ပြင်သာကျေးရွာတွင် ကွမ်းအပြင် စပျစ်သီးနှံကိုလည်း စီးပွားဖြစ်စိုက်ပျိုးလျက်ရှိသည်။ အိမ်တိုင်းနီးပါး ကွမ်းကို စီးပွားဖြစ်စိုက်ပျိုးပြီး ထွက်ရှိလာသော ကွမ်းရွက်များကို ရမည်းသင်းမြို့နယ် အပါအဝင် အနီးဝန်းကျင်ရှိ မြို့များဖြစ်သည့် ပျော်ဘွယ်၊ တပ်ကုန်း၊ ရေဆင်း၊ ပျဉ်းမနား၊ လယ်ဝေး စသည့် မြို့နယ်များအပြင် ရန်ကုန်၊ မော်လမြိုင် စသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ တင်ပို့ရသည်အထိ အထွက်နှုန်းကောင်းမွန်ကြောင်းနှင့် အထွက်နှုန်းကောင်းသည့်အပြင် ဈေးကောင်းရရှိ၍ ကွမ်းစိုက်တောင်သူများ ဝင်ငွေကောင်းနေကြောင်း သိရှိရသည်။

ကွမ်းသည် တစ်ဧက တစ်နှစ်ကုန်ကျငွေမှာ သုံးလေးသိန်းခန့်သာရှိပြီး ဝင်ငွေသည် ကုန်ကျစရိတ်၏ လေးငါးဆမျှ ရရှိကြောင်း သိရသည်။ ကွမ်းရွက်သည် ကွမ်းစိုက်တောင်သူများအတွက် ဝင်ငွေကောင်းသည်သာမက ကျန်းမာရေးဘက်မှ ကြည့်လျှင်လည်း ရေငွေ့ဓာတ်၊ ပရိုတိန်းဓာတ်၊ အဆီဓာတ်၊ သတ္တုဓာတ်၊ သံဓာတ်၊ ဗီတာမင်အေနှင့် ဗီတာမင်စီတို့ ပါဝင်သောကြောင့် ဆီးကို ရွှင်စေခြင်း၊ ချောင်းဆိုးခြင်းနှင့် မျက်စိတွင်ဖြစ်တတ်သောရောဂါများပင် ပျောက်ကင်းနိုင်ကြောင်း ဆေးပညာကျမ်းများတွင် ဖော်ပြထားသည်ကို တွေ့ရှိခဲ့ရသည်။

ထို့ပြင် ကွမ်း၏ အကျိုးပြုပုံအနေဖြင့် ဇက်ကြောတက်ခြင်း၊ မျက်ရိုးကိုက်ခြင်းဖြစ်လျှင် ကွမ်းရွက်အရည်ကို ညှစ်၍ မျက်စိထဲသို့ ဆားထည့်ခတ်ပေးခြင်းဖြင့် ပျောက်ကင်းနိုင်ကြောင်း၊ နားအူခြင်း၊ နားလေထွက်ခြင်းတို့ဖြစ်ပါက နားနှစ်ဖက်တွင် အရည်ညှစ်ထည့်ပေးပါက ပျောက်ကင်းနိုင်ကြောင်း သိရှိရသည်။

ထို့ကြောင့် ကွမ်းကို စီးပွားရေးနှင့် ကျန်းမာရေး နှစ်မျိုးသုံးအတွက် အဓိကစိုက်ပျိုးလာကြခြင်းဖြစ်သည်။ ကွမ်းစိုက်ပျိုးရာတွင် ကွမ်းသည် ရေများများသွင်းပေးနိုင်မှသာလျှင် အထွက်နှုန်းကောင်းခြင်းကြောင့် ဝါဆိုလတွင်သာ အများဆုံး စိုက်ပျိုးလေ့ရှိကြောင်း၊ အပင်ကြီးထွားရာတွင် ပင်မမှထွက်သည့် အတက်ကို စလင်းထွက်တက်ဟုခေါ်ပြီး ၎င်းအတက်မှ ထွက်သည့် ကွမ်းရွက်သည် အရွက်ပြန့်ပြီး ရောင်းပန်းလှသည့်အတွက် ဈေးကောင်းရ၍ တစ်ပိဿာလျှင် လက်ရှိအနေအထားအရ ငွေကျပ် ၂၀၀၀ ကျော်ရောင်းရကြောင်းနှင့် ပင်မမှ ထွက်သည့် ကွမ်းရွက်မှာ စလင်းတက်မှ ထွက်သည့် ကွမ်းရွက်ထက် ပိုမိုကြမ်းသောကြောင့် တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ ကျော်သာ ရောင်းရပြီး ဈေးနှုန်းကွာဟမှုများရှိကြောင်း သိရှိခဲ့ရသည်။

"တစ်ခက်ချိုးသော် ချိုးသည့်နေရာ ဆယ်ခက်ဖြာ" ဆိုသည့်စကားနှင့် အညီ ဝါဆိုနှင့် ဝါခေါင်လများတွင် ကွမ်းကို ၁၀ ရက်တစ်ကြိမ် ခူးပေးရကြောင်း၊ ကျန်လများတွင်မူ ၁၅ ရက် တစ်ကြိမ်သာခူးရကြောင်း၊ တစ်ကြိမ်ခူးလျှင် ပိဿာချိန်အားဖြင့် ၁၀၀ ကျော် ထွက်ရှိကြောင်း၊ အထွက်နှုန်းကောင်းပါက ပိဿာချိန် ၃၀၀ ကျော်အထိ ထွက်ရှိကြောင်းနှင့် ခူးပြီး ကွမ်းရွက်များကို ဈေးနှုန်းသတ်သတ်မှတ်မှတ်ရှိစေရန် အဝယ်ဒိုင်သို့ ပို့ဆောင်ရကြောင်း ကွမ်းစိုက်တောင်သူတစ်ဦးက ဆက်လက်ရှင်းပြခဲ့သည်။

ကွမ်းသည် အပူဒဏ်နှင့် လေဒဏ်ကို ကြောက်သည့် အပင်တစ်မျိုးဖြစ်ရာ အပူဒဏ်နှင့် လေဒဏ်ကာကွယ်ရန်အတွက် အမိုးအကာများ ပြုလုပ်ပေးရကြောင်း၊ ရေကြိုက်သဖြင့် ငါးရက်လျှင် တစ်ကြိမ် ရေသွင်းပေးရကြောင်း၊ ကွမ်းပင် ၄၅ ရက်သားအရွယ်တွင် တိုင်ထောင်ပေး ရပြီး နှစ်လခွဲအကြာတွင် အပင်အားကောင်းသဖြင့် တိုင်ပေါ်သို့ ထိုးတက်မသွားစေရန် ပြန်လည်၍ အပင်ခွေခြင်းကို လုပ်ဆောင်ရသကဲ့သို့ စတင်ခူးဆွတ်နိုင်ပြီဖြစ်ကြောင်း သိခဲ့ရသည်။

နည်းပညာများဖွံ့ဖြိုးတိုးတက်လာပြီး နောက်ပိုင်းတွင် မည်သည့်သီးနှံမဆို ဆေးဝါးသုံးစွဲမှုများ ရှိလာခြင်းကြောင့် ကွမ်းအထွက်နှုန်းကောင်းစေရေးအတွက် ပိုးသတ်ဆေးများ၊ အပင်အားကောင်းဆေးများနှင့် အရွက်ပြန့်ဆေးများကို ၁၀ ရက်တစ်ကြိမ်(သို့မဟုတ်)၁၅ ရက် တစ်ကြိမ် ကွမ်းရွက် ခူးပြီးသည့်အချိန်တိုင်း ဆေးဖျန်းပေးခြင်းဖြင့် အထွက်နှုန်းကောင်းကာ ဝင်ငွေတိုးတက်ရရှိကြောင်း သိရှိခဲ့ရသည်။

ထို့ကြောင့် ကွမ်းသည် ကွမ်းစိုက်တောင်သူများအတွက် စီးပွားရေး အထောက်အကူပြုသကဲ့သို့ ကျန်းမာရေးအနေဖြင့်လည်း ဆေးအဖြစ် သင့်တင့်မျှတအောင် သုံးစွဲခြင်းဖြင့် လူတို့၏ ကျန်းမာရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ရမည်းသင်းမြို့နယ် ရွှေဒါးသာစည်ကျေးရွာအုပ်စု လယ်ပြင်သာကျေးရွာတွင် စိုက်ပျိုးထားသော ကွမ်းပင်များကို တွေ့ရစဉ်။

နိုင်ငံတကာအနုပညာရပ်ဝန်း **အေဝမ်းစိုး**

ထင်ပေါ်ကျော်ကြားမှု မလိုလားသည့် အဒီးလ်



ကမ္ဘာ့ဂီတလောကတွင် အောင်မြင်မှုများ သိမ်းကျုံးရယူထားနိုင်သူ ဗြိတိသျှပေါ့ပ်အဆိုတော် အဒီးလ်က အောင်မြင်ကျော်ကြားသည့်ဘဝကို လိုလားနှစ်သက်ခြင်းမရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

အဒီးလ်**(ယာပုံ)**ကNBC ရုပ်သံလိုင်းနှင့် တွေ့ဆုံမေးမြန်းမှုပြုလုပ်ရာတွင် "ကျွန်မ ဂီတကိုပဲ ဖန်တီးချင်တာပါ။ လူတွေ ကျွန်မအကြောင်းပြောနေတာ မလိုချင်ပါဘူး။ ကျွန်မလိုချင်တာ ကျွန်မ သိတာက သီချင်းဆိုဖို့တစ်ခုပါပဲ"ဟု ပြောကြားသည်။

အသက်(၂၄)နှစ်ရှိ အဒီးလ်သည် သူ၏ရည်းစားဟောင်းများက သူ့အကြောင်းသီချင်းရေးခြင်း၊ သီဆိုခြင်းကိုလည်း မနှစ်သက်ကြောင်း ဝန်ခံပြောကြားသွားသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ အဒီးလ်က "ကျွန်မ ရည်းစားဟောင်းတွေက ကျွန်မ အကြောင်း သီချင်းရေးပြီးဆိုကြမယ် ဆိုရင် ကျွန်မ အရှက်ကွဲလိမ့်မယ်။ သူတို့ကတော့ ဒီသီချင်းဟာ အဒီးလ်အကြောင်းရေးဖွဲ့ထားတာပါလို့ ပြောမှာမဟုတ်ပေမယ့် လူတိုင်းက ကျွန်မအကြောင်း ရေထားတယ်ဆိုတာသိမှာပဲလေ"ဟု ပြောကြားသည်။

အဒီးလ်သည် သူ၏ရည်းစားဟောင်းများက သူ့အကြောင်းသီချင်းရေးဖွဲ့သီဆိုခြင်းကို မကြိုက်နှစ်သက်သော်လည်း သူကိုယ်တိုင်ကမူ သူ့ရည်းစားဟောင်းများအကြောင်းကို သီချင်းအတော်များများ ရေးဖွဲ့သီဆိုထားပြီးဖြစ်သည်။ အင်တာနက်။

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်နေ ကိုထက်အောင်ကျော်နှင့် မဖြူနှင်းထွေးတို့က မင်္ဂလာဦးအလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

ပြိုင်ဆိုင်မှုကို ခွင့်ပြုမည့် ဆက်သွယ်ရေးကဏ္ဍ

● မောင်ရင်နွယ် ●

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍတွင် ပြဋ္ဌာန်းထားသော ဥပဒေများကိုလေ့လာကြည့်ရာ အဓိကဥပဒေများမှာ အတော်ပင်သက်တမ်းရင့်နေကြပြီဖြစ်ကြောင်း တွေ့ရပါသည်။ အဆိုပါ ဥပဒေများမှာ. .

(က) မြန်မာ တယ်လီဂရပ်ဖ် အက်ဖ်ဥပဒေ(၁၈၈၅)
(ခ) မြန်မာဝိုင်ယာလက် တယ်လီဂရပ်ဖ် အက်ဥပဒေ (၁၉၃၄)
(ဂ) မြန်မာနိုင်ငံ စာတိုက်အက်ဥပဒေ(၁၈၉၈)
(ဃ) ကွန်ပျူတာပညာဖွံ့ဖြိုးရေး ဥပဒေ(၁၉၉၆)
(င) အီလက်ထရွန်နစ် ဆက်သွယ်ရေးဥပဒေ(၂၀၀၄)

ဆက်သွယ်ရေးကဏ္ဍရှိ ဥပဒေများမှာ ပြင်ဆင်ရန် လိုအပ်နေကြောင်းကိုလည်း လွှတ်တော်ကိုယ်စားလှယ်အချို့က ဆွေးနွေးချက်များရှိလာခဲ့သည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ဆက်သွယ်ရေးဥပဒေများပြင်ဆင်ရေးကို မည်သည့်အခါမှ မျက်ခြည်မပြတ်ခဲ့ပါ။

ယခုလက်ရှိအစိုးရအဖွဲ့ စတင်တာဝန်ယူချိန်ကစ၍ ဆက်သွယ်ရေးဥပဒေပြင်ဆင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ ဆက်သွယ်ရေးဥပဒေ(ပထမမူကြမ်း)ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ပေးပို့ကာ သဘောထားမှတ်ချက်နှင့် အကြံဉာဏ်များ တောင်းခံခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍအသီးသီးတွင် တိုးတက်မှုနှုန်း အမြင့်မားဆုံးသော ကဏ္ဍတစ်ခုလည်းဖြစ်ပါသည်။ ဆက်သွယ်ရေးကဏ္ဍ၏ တိုးတက်မှုနှုန်းကို အောက်ပါဇယား၌ ဖော်ပြထားရာ ဇယားကို ကြည့်လျှင် တိုးတက်မှုနှုန်းများမှာ ခေတ်အဆက်ဆက်၌ အားရစရာကောင်းသော တိုးနှုန်းများဖြစ်ကြောင်း တွေ့မြင်နိုင်ပါသည်-

ဆက်သွယ်ရေးတိုးတက်မှုနှုန်း(၁၉၇၃-၂၀၁၃)

စဉ်	နှစ်	တိုးနှုန်း
၁။	၁၉၇၃-၁၉၇၄	၈၈
၂။	၁၉၈၈-၁၉၈၉	၆. ၂
၃။	၁၉၉၅-၁၉၉၆	၂၄. ၆
၄။	၂၀၀၀-၂၀၀၁	၂၉. ၀
၅။	၂၀၀၁-၂၀၀၂	၃၀. ၅
၆။	၂၀၀၂-၂၀၀၃	၈၉. ၈
၇။	၂၀၀၄-၂၀၀၅	၅၁. ၆
၈။	၂၀၀၅-၂၀၀၆	၁၈. ၅
၉။	၂၀၀၉-၂၀၁၀	၁၉. ၁
၁၀။	၂၀၁၀-၂၀၁၁	၉. ၄
၁၁။	၂၀၁၂-၂၀၁၃	၁၅၀. ၄ (ခန့်မှန်း)

ဆက်သွယ်ရေးကဏ္ဍသည် ၁၉၇၃-၇၄ ခုနှစ်တွင် ၈၈ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ၂၀၀၂-၂၀၀၃ ခုနှစ်တွင် ၈၉ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။ ယခု ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ဆက်သွယ်ရေးကဏ္ဍ၏ တိုးနှုန်းကို ၁၅၀ ဒသမ ၄ ရာခိုင်နှုန်း လျာထားခဲ့ကြောင်း တွေ့ရပါသည်။ စီးပွားရေးကဏ္ဍတစ်ခု၊ နိုင်ငံတစ်ခု၏ တိုးတက်မှုနှုန်းတွင် ဆယ်ဂဏန်းတိုးတက်မှုနှုန်း (Double Digit Growth Rate) ရရန်မလွယ်ပါ။ ထိုနှုန်းမျိုးကို ဆက်တိုက်ရရှိလာသော ကဏ္ဍ၏ရှေ့အလားအလာမှာလည်း အလွန်ကောင်းမွန်ပါသည်။ ယခု ရာဂဏန်းတိုးတက်ရန်ပင် ရည်မှန်းထားပါသည်။

ဤကဲ့သို့ ရှေ့အလားအလာကောင်းများရှိနေသည့် ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံကာ စီးပွားရေးအကျိုးအမြတ်ရယူလိုကြသည်မှာ စီးပွားရေးသမားတိုင်း စီးပွားရေးလုပ်ငန်းတိုင်း၏ သဘာဝပင်ဖြစ်ပါသည်။

နိုင်ငံတကာအတွေ့အကြုံ

တောင့်တင်းခိုင်မာသော ဥပဒေများ၊ ခိုင်ခံ့သော ဆက်သွယ်ရေးကွန်ရက်များကို ပိုင်ဆိုင်ထားကြသည့် တိုင်းပြည်များ၌ပင်လျှင် များစွာသော အငြင်းပွားမှုများ၊ ဥပဒေကြောင်းအရ ဖြေရှင်းနေရခြင်းများကို တွေ့ရပါသည်။

ဥပမာ ထိုင်းနိုင်ငံတွင် နိုင်ငံခြားသားနှင့် နိုင်ငံသား ပိုင်ဆိုင်မှုအချိုး မညီညွတ်မှု ပြဿနာရှိနေပါသည်။ အိန္ဒိယနိုင်ငံတွင် ခွင့်ပြုပြီးသော ဆက်သွယ်ရေးလုပ်ငန်းလုပ်ပိုင်ခွင့် ပြန်လည်ရုပ်သိမ်းမှုကြောင့် တိုင်းပြည်ခေါင်းဆောင်အဆင့်အထိ ပါဝင်ညှိနှိုင်းပေးနေရပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နိုင်ငံပိုင်ဆက်သွယ်မှုကွန်ရက် ခိုင်မာမှုမရှိခင် တယ်လီဖုန်းနှင့် မိုဘိုင်း အော်ပရေတာများအား အပြိုင်ပေး၍ ဆောင်ရွက်စေခဲ့သဖြင့် နိုင်ငံပိုင်ဆက်သွယ်ရေးလုပ်ငန်းသည် ဈေးကွက်၏ တစ်ရာခိုင်နှုန်းကိုသာ ပိုင်ဆိုင်မှုရခဲ့ပါသည်။ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတွင် အော်ပရေတာများအား အပြိုင်အဆိုင်လုပ်ပိုင်ခွင့်ပေးလိုက်ရာ ဈေးကွက်ရှိပြီး အမြန်ဝင်ငွေရနိုင်မည့် မြို့ကြီးများ၌သာ ဦးစားပေးအပြိုင် ဆောင်ရွက်ခဲ့သဖြင့် ဆက်သွယ်ရေး၏ တိုးတက်မှုသည် တစ်နိုင်ငံလုံးသို့ စိမ့်ဝင်ပျံ့နှံ့မှုမရှိခဲ့ပါ။

အထက်ပါဥပမာများကိုပြန်ကြည့်လျှင် ဆက်သွယ်ရေးကဏ္ဍ၌ နိုင်ငံတော်အပိုင်းက အမြော်အမြင်ရှိရှိဖြင့် ကိုင်တွယ်ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း သိရှိနိုင်ပါသည်။

ပြိုင်ဆိုင်မှုခွင့်ပြု

ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ၁၆-၂-၂၀၁၂ က ပေးပို့ခဲ့သော ဆက်သွယ်ရေးဥပဒေမူကြမ်းသည် ဒုတိယမူကြမ်းပင်ဖြစ်ပါသည်။ ထိုမူကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးကလည်း အသေအချာ စိစစ်သုံးသပ်မည်သာဖြစ်ပါသည်။ ဆက်သွယ်ရေးဥပဒေမူကြမ်းတွင် ပုဂ္ဂလိကအပိုင်း၏ပါဝင်မှုကို ခွင့်ပြုထားသည့်အပြင် အစိုးရပိုင်းကလည်း ပါဝင်ယှဉ်ပြိုင်မှုကို အားပေးထားကြောင်း တွေ့ရပါသည်။

ဆက်သွယ်ရေးကဏ္ဍတွင် ပြိုင်ဆိုင်မှုအခွင့်အလမ်းများကို ဖွင့်ပေးလိုက်ပါက နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းကုမ္ပဏီများနှင့် ထိတွေ့ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ရာ ဥပဒေကြောင်းအရလည်းကောင်း၊ ဆက်သွယ်မှုကွန်ရက်အရလည်းကောင်း ခိုင်မာမှုရှိရန်၊ အဘက်ဘက်မှပြည့်စုံခိုင်မာမှုရှိရန် အရေးကြီးပါသည်။

ထို့ကြောင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးကလည်း ဤဥပဒေမူကြမ်းကို အသေအချာစိစစ်နေမည်ဟု ယုံကြည်ပါသည်။ ကောင်းမွန်သော၊ ခိုင်မာသော ဥပဒေတစ်ခုဖြစ်သည်ဟု ယူဆမှသာ လွှတ်တော်၌ တင်ပြမည်ဖြစ်ပါသည်။

သမိုင်းစာအုပ်အသစ်ဖွင့်

၁-၆-၂၀၁၂ ရက်နေ့က နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနတွင် အမြန်ချောပို့လုပ်ငန်းအား မှတ်ပုံတင်စနစ်ဖြင့် လုပ်ငန်းခွင့်ပြုဆောင်ရွက်ခြင်းဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုခြင်း အခမ်းအနားသည် ဆက်သွယ်ရေးကဏ္ဍစာတိုက်လုပ်ငန်း၏ သမိုင်းစာအုပ်အသစ်တစ်ခုဖွင့်လှစ်ခြင်းကို ဖော်ပြနေသည်။

"နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်မှုကို စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်းသာမက ဆက်သွယ်ရေးကဏ္ဍမှ တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းနှင့် အိုင်တီလုပ်ငန်းများတွင်လည်း ပြည်တွင်း/ပြည်ပ ပုဂ္ဂလိကကုမ္ပဏီများနှင့်မည်ကဲ့သို့ အကျိုးရှိစွာပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် လုပ်ငန်းများကိုရှာဖွေကာ ဆွေးနွေးညှိနှိုင်း၍ ဥပဒေနှင့်အညီခွင့်ပြုပေးရန် အစီအစဉ်ရှိကြောင်း၊ လက်ရှိအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေမည့် ဆက်သွယ်ရေးဥပဒေကို ရှေ့နေချုပ်ရုံးမှတစ်ဆင့် လွှတ်တော်သို့ တင်ပြပြီး အတည်ပြုနိုင်ရန် ဆောင်ရွက်ထားကြောင်း" စသည်တို့ကိုလည်း ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက အဆိုပါအခမ်းအနား၌ ထည့်သွင်းပြောကြားခဲ့ရာ စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်း၌သာမက ဆက်သွယ်ရေး၏ အခြားမျက်နှာစာများ၌လည်း သမိုင်းစာအုပ်အသစ်များ ဖွင့်လှစ်ရေးသားရန် အလားအလာများရှိနေသည့် ရနံ့ သင်းသင်း ပျံ့ပျံ့ မွှေးမွှေးကို ခံစားမိပါသည်။

ဆက်သွယ်ရေးကဏ္ဍကချမှတ်သော မူဝါဒများသည် ဆက်သွယ်ရေးကဏ္ဍ တစ်ခုတည်းအပေါ်၌သာမက နိုင်ငံတော်၏စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးတိုးတက်ပြောင်းလဲဖြစ်ပေါ်မှုများ အပေါ်၌ပါ အကျိုးသက်ရောက်မှုရှိကြောင်း သတိပြုသင့်ပါသည်။

ဆက်သွယ်ရေးကဏ္ဍ၏ လက်ရှိပြုပြင်ပြောင်းလဲမှုများကို ကြည့်လျှင် ဖြေလျှော့မှုများ အထိုက်အလျောက်ရှိနေသည်ကို ငြင်းပယ်၍မရပါ။ ထိုပြုပြင်ပြောင်းလဲ ဖြေလျှော့မှုများ၏ စရိုက်လက္ခဏာကိုကြည့်လျှင် ပြိုင်ဆိုင်မှုရှိသော ဈေးကွက်ကို ဖော်ညွှန်းနေသည့် စရိုက်လက္ခဏာများနှင့် တစ်စထက်တစ်စ နီးကပ်လာကြောင်းကိုလည်း တွေ့မြင်နိုင်ပါသည်။

ဆက်သွယ်ရေးကဏ္ဍကို မည်ကဲ့သို့ စီမံခန့်ခွဲဆောင်ရွက်မည်ဆိုသောကိစ္စအတွက် အကောင်းဆုံးပုံစံ (Best fit model) မရှိပါ။ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့နှင့် မြန်မာနိုင်ငံ၏စနစ် သမိုင်းကြောင်းချင်းတူညီခဲ့သဖြင့် ဆက်သွယ်ရေးကဏ္ဍတွင်လည်း သူတို့နိုင်ငံများ၏ ပုံစံအတိုင်း မြန်မာနိုင်ငံလိုက်နာကျင့်သုံးသင့်သည်ဟုဆို၍ မရပါ။

ဆက်သွယ်ရေးကဏ္ဍတွင် နိုင်ငံတကာအတွေ့အကြုံများနှင့် သင်ခန်းစာများကိုရယူကာ မိဘပြည်သူ၊ မြို့ပြ၊ ကျေးလက်နှင့် တိုင်းရင်းသားအားလုံးအတွက် ရေရှည်တွင် အကျိုးအမြတ်အများဆုံးကို ဖော်ဆောင်ပေးနိုင်မည့် အကောင်းဆုံးနည်းလမ်းနှင့်ပုံစံကို ရှာဖွေဆန်းစစ်ကာ အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကာလအတွင်း အသုံးပြုမည့် ဆက်သွယ်ရေးဆိုင်ရာ စက်ကိရိယာများနှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေး

နေပြည်တော် ဇွန် ၇

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား MOTOROLLA SOLUTIONS SINGAPORE PTE,LTD. မှ VICE - PRESIDENT MR. PHEY TECK MOH နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကာလအတွင်းအသုံးပြုမည့် ဆက်သွယ်ရေးဆိုင်ရာစက်ကိရိယာများနှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် တာဝန်ရှိသူများ၊ MOTOROLLA SOLUTIONS SINGAPORE PTE,LTD. မှ SENIOR STRATEGY DIRECTOR MR. MARCEL VERDANICနှင့် အဖွဲ့ဝင်သုံးဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေးလမ်းသွား ကတ္တရာလမ်းဖြစ်လာတော့မည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဗိုလ်မှူးဗထူးလမ်း

ရန်ကုန် ဇွန် ၇

ဗိုလ်မှူးဗထူးလမ်းသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ လမ်းမကြီးများအနက် အသွားအလာများပြားသည့်လမ်းများတွင် ပါဝင်သည်။ ဒဂုံတက္ကသိုလ်မှ မြောက်ဥက္ကလာပအပိုင်းသို့သွားရာ ဘေလီတံတားထိပ်အထိ ပေ ၁၆၅၅၀ ရှည်လျားသည့် လမ်းဖြစ်သည်။ လိုင်းကားများ၊ ကျောင်းကားများ နေ့စဉ်သွားလာလျက်ရှိရာ ယာဉ်အသွားအလာများခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှု မကြာခဏဖြစ်တတ်သည့် လမ်းဖြစ်သည်။ ခရီးလမ်းနှောင့်နှေးကြန့်ကြာမှုများကို ကြုံတွေ့ကြရသည့်လမ်းဖြစ်သည်။ အချိန်နှင့်တစ်ပြေးညီ သွားလာနေကြရသော ဒဂုံတက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ရုံးဝန်ထမ်းများအတွက် အခက်အခဲတွေ့ကြရသည်။

ယင်းအခက်အခဲများကို ဖြေရှင်းသည့်အနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း၊ တံတား)က ၁၈ ပေ အကျယ်နှစ်လမ်းသွားလမ်းမှ ၄၈ ပေ အကျယ်ရှိ လေးလမ်းသွား ကျောက်ချောကတ္တရာလမ်းအဖြစ် တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

လမ်းတိုးချဲ့ခြင်း လုပ်ငန်းများကို ပွင့်လင်းရာသီဖြစ်သည့် ၂၀၁၁ ခုနှစ် အောက်တိုဘာမှစတင်၍ လူအင်အား ၁၅၀ ခန့်ဖြင့် နေ့/ည မပြတ် ဆောင်ရွက်ခဲ့ရာ ယခုအခါ ကျောက်ချောလမ်း ၉၀ ရာခိုင်နှုန်းခန့်၊ ကတ္တရာကျောက်ချောလမ်း ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။ ကတ္တရာကျောက်ချောလမ်းအားလုံးပြီးစီးရေးအတွက် ၂၀၁၂ ခုနှစ် ဒီဇင်ဘာအထိ ခန့်မှန်းထားကြောင်း တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

"အခုလို လေးလမ်းသွားအဖြစ် တိုးချဲ့လိုက်တော့ အိမ်၊ ခြံ၊ မြေ ဈေးတွေ အတော်တက်သွားတယ်။ လမ်းမတန်းတွေမှာဆိုရင် သိန်းထောင်ချီဖြစ်သွားတယ်" ဟု ဒေသခံတစ်ဦးက ပြောပြသည်။

လမ်းများ အဆင့်မြှင့်ခြင်းလုပ်ငန်းသည် မြို့ပြဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုသဖြင့် အလားတူလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သင့်ကြောင်း တင်ပြလိုက်ရပါသည်။

နွဲ့နွဲ့ကြည်(သတင်းစဉ်)

နောင်ချိုမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၇

ရှမ်းပြည်နယ် နောင်ချိုမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို မေ ၁၃ ရက် နံနက် ၁၁ နာရီတွင် နောင်ချိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံး အားမာန်ခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ဦးတင်ဝေ (ပင်လောင်းတင်ဝေ)က သဘာပတိအဖြစ် ဆောင်ရွက်ပြီး မြို့နယ်စာရေးဆရာအသင်း အမှုဆောင်အဖွဲ့ရွေးချယ်ပွဲကို ကျင်းပသည်။ နောင်ချိုမြို့နယ် စာရေးဆရာအသင်းအလုပ်အမှုဆောင်အဖွဲ့အဖြစ် ဥက္ကဋ္ဌ ဦးကျော်လွင် (နောင်ချိုကျော်လွင်)၊ အတွင်းရေးမှူး ဦးရဲမြင့် (ရဲမြင့်နိုင်-စကားဝါမြေ)၊ တွဲဖက်အတွင်းရေးမှူး ဦးလှမျိုး (မောင်ငြိမ်းချမ်း-ရေစကြို)၊ ဘဏ္ဍာရေးမှူး ဦးမြင့်သိန်း (မောင်မောင်မြင့်သိန်း-ရွှေကြာအင်း)၊ အဖွဲ့ဝင်များအဖြစ် ဒေါ်စောသဥ္ဇာချို (နွယ်သဥ္ဇာဆုး)၊ ဦးသန့်လွင် (ဇူလိုင်ဆွေ)တို့အား ရွေးချယ်တင်မြှောက်ကြသည်။

စာရေးဆရာအသင်း(ဗဟို) ညီလာခံ ကိုယ်စားလှယ်အဖြစ် ဦးကျော်လွင် (နောင်ချိုကျော်လွင်)ကို ရွေးချယ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4
ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

၈-၆-၂၀၁၂ (သောကြာနေ့)

၅း၄၀	"ပဋ္ဌိစ္စသမုပ္ပာဒ်သင်တန်း" တရားတော် (သုညတဓမ္မ ဆရာတော်ဘဒ္ဒန္တစန္ဒသေန)
၈း၅၅	ဂီတသမားတို့ရင်ခုန်သံ (Silk-n Shine ရဲ့ (၇)နှစ်ပြည့် Anniversary)
၁၀း၀၅	ခေတ်သစ်ပျိုမေ
၁၁း၃၀	Golden Minute
၂း၂၀	What Is Myanmar Imperial College (MIC)?
၅း၂၅	Happy Time Happy Lessons
၆း၁၅	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၄၇)**
၇း၂၀	Style ရှိမှ Star ဖြစ်မယ်
၈း၃၀	Myanmar Cooking Master (တတိယအဆင့်) (ပွဲစဉ်-၄)
၉း၃၀	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်" (အပိုင်း-၆၁)**

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ အများပြည်သူသုံးစွဲဖို့အား ပိုမိုတည်ငြိမ်ကောင်းမွန်လာရေး အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက တည်ဆောက်လျက်ရှိသော ၂၃၀ ကေဗွီ သထုံ-မော်လမြိုင် မဟာဓာတ်အားလိုင်းစီမံကိန်းရှိ တာဝါတိုင်အမှတ်(၂၄)နှင့် (၂၅) အကြား ဓာတ်အားလိုင်းကြိုးများ ချိတ်ဆက်သွယ်တန်းခြင်းလုပ်ငန်းကို အန္တရာယ်ကင်းရှင်းစွာဆောင်ရွက်ရန်အတွက် သထုံဓာတ်အားပေးစက်ရုံမှ ဓာတ်အားပို့လွှတ်ထားသော အောက်ပါဓာတ်အားလိုင်းများအား (၉-၆-၂၀၁၂)ရက်နှင့် (၁၀-၆-၂၀၁၂) ရက်များတွင် နံနက် ၀၆း၀၀ နာရီမှ ညနေ ၀၆း၀၀ နာရီအထိ ဓာတ်အားပိတ်ထားမည်ဖြစ်၍ ယှဉ်တွဲပါနေရာဒေသများတွင် ဓာတ်အားပြတ်တောက်လျက်ရှိမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

စဉ်	ဓာတ်အားလိုင်းအမည်	ဓာတ်အားပြတ်တောက်မည့်နေရာဒေသများ
၁။	၆၆ ကေဗွီဘီလပ်မြေစက်ရုံ နှစ်ထပ်ဓာတ်အားလိုင်း	တန်-၄၀၀၀၊ တန်-၉၀၀ ဘီလပ်မြေစက်ရုံများ
၂။	၆၆ ကေဗွီ ဘားအံ-မော်လမြိုင်ဓာတ်အားလိုင်း	၆၆ ကေဗွီဘားအံခွဲရုံနှင့် မော်လမြိုင်ခွဲရုံများမှ ဓာတ်အားပေးထားသော နေရာဒေသများ
၃။	၃၃ ကေဗွီ မြိုင်ကလေး ဓာတ်အားလိုင်း	တန်-၉၀၀ ဘီလပ်မြေစက်ရုံဝန်ထမ်းအိမ်ရာနှင့် မြိုင်ကလေးရွာ

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

ဇမ္ဗူသီရိမြို့နယ်၌ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇွန် ၇

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်လက်ရာ ယွန်းအတတ်ပညာတွင် ဝါးမှ ဈေးကွက်ဝင် ယွန်းအချောထည်ရရှိသည်အထိ လုပ်ငန်းအဆင့်ဆင့်အလိုက် ဝင်ငွေရရှိအောင် ဆောင်ရွက်နိုင်ခြင်းမှာ အတူတကွ အကျိုးတူပူးပေါင်းဆောင်ရွက်လိုသည့် စိတ်ဓာတ်ကို အရင်းခံသည့်စနစ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခဲ့ခြင်းကြောင့် တစ်ဦးချင်းဝင်ငွေရရှိမှုသည် ပညာသည်အုပ်စုကိုအခြေခံကာ ပညာရပ်တစ်ခုချင်းအပေါ် အကျိုးခံစားရပြီး ပြည်သူများ ကြွယ်ဝချမ်းသာခဲ့သည့် သမိုင်းကြောင်းရှိခဲ့ကြောင်း သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဇွန် ၆ ရက် နံနက် ၈ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျေးလက်နေ ပြည်သူများ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြက်၊ ဝက်၊ ဘဲ၊ ဆိတ်များကို မွေးမြူခြင်းဖြင့် အပိုဝင်ငွေများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ မွေးမြူနိုင်ရန် လိုအပ်သော အရင်းအနှီး မတည်ငွေများ ထုတ်ချေးပေးခြင်း၊ မျိုးကောင်းမျိုးသန့် ကြက်၊ ဝက်၊ ဘဲများကို အကြွေးစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးခြင်းများကို ဆောင်ရွက်ပေးသွားမည် ဖြစ်သကဲ့သို့ မွေးမြူသော တိရစ္ဆာန်များ၏ ကျန်းမာရေးအတွက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျေးရွာများ၌ ငါးသားပေါက်များ၊ ငါးသားဖောက်နည်းပညာများ ဖြန့်ဖြူးပေးခြင်း၊ မျိုးကောင်းမျိုးသန့်နို့စားနွားများ ရရှိစေရန် ဒေသနွားမျိုးများကို မေထုန်မဲ့သားစပ်နည်းဖြင့်သားစပ်၍ မျိုးမြှင့်တင်မွေးမြူနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အလျင်လိုကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ လယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စား သမဝါယမအသင်းသားများနှင့် လည်းကောင်း၊ တဲကြီးကုန်းကျေးရွာ အောင်မြေဘုံသာ ဘုန်းတော်ကြီးကျောင်း၌ ကျေးရွာသူ၊ ကျေးရွာသားများနှင့်လည်းကောင်း တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ တစ်ဦးချင်းဝင်ငွေရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးတို့အတွက် သမဝါယမအသင်း၊ အစုအဖွဲ့များ ဆောင်ရွက်လုပ်ကိုင်နိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့အတူ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့မှ ကွင်းဆင်းဖွဲ့စည်းရေးအဖွဲ့များသည် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အလျင်လို၊တဲကြီးကုန်း အောင်ချမ်းသာ (အရှေ့၊ တောင်၊ မြောက်)၊ လက်ပံခါးလှ၊ ကြံဖိုစု၊ ရှားတောနှင့် ဂုံမင်းကျေးရွာများ၌ ကျေးလက်သမဝါယမလုပ်ငန်းများနှင့် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အလျင်လိုကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ လယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စား သမဝါယမ အသင်းသားများအား တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြေသြဇာကော်မတီ၏ (၁၂)ကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၇

မြေသြဇာကော်မတီ၏(၁၂)ကြိမ်မြောက် အစည်းအဝေးကို ဇွန် ၆ ရက် မွန်းလွဲ ၁ နာရီတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စည်းဝေးပွဲခန်းမ၌ ကျင်းပရာ မြေသြဇာကော်မတီဥက္ကဋ္ဌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက မြေသြဇာကော်မတီ၏ အစည်းအဝေး ဆုံးဖြတ်ချက်များကို စိုက်ပျိုးရေးဦးစီးဌာနက လိုက်နာဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြေသြဇာလုပ်ငန်းစစ်ဆေးရေးအဖွဲ့များနှင့် ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ မြေသြဇာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အဓိကဆောင်ရွက်ရသော စိုက်ပျိုးရေး ဦးစီးဌာနအား မြေသြဇာ ဖြန့်ဖြူးရောင်းချနေသူတိုင်း ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ပြုလုပ်ရန်၊ အရည်အသွေး မပြည့်မီသော မြေသြဇာများ ရောင်းချမှု ရှိ၊ မရှိ ပုံမှန်စစ်ဆေးရန်နှင့် လိုအပ်ပါက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ရန်၊ လိုင်စင်နှင့်မှတ်ပုံတင်လက်မှတ်မရှိဘဲ ရောင်းချနေသည့် အရောင်းဆိုင်များ၊ မြေသြဇာများကို စာရင်းပြုစုတင်ပြကြရန်နှင့်မြေသြဇာအတုများ ရောင်းချနေမှုအပေါ် ထိရောက်စွာ ဟန့်တားကာကွယ်သွားရန် ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။**(အပေါ်ဝဲပုံ)**

ထို့နောက် မြေသြဇာကော်မတီ အတွင်းရေးမှူး စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာရဲတင့်ထွန်းက ၂၀၁၂ ခုနှစ် မေ ၃၀ ရက်အထိ သိုလှောင်လိုင်စင် ၅၀ နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် ၂၀၅၈ စောင် ထုတ်ပေးမှုအခြေအနေ၊ ပြည်ပမှ တင်သွင်းသော မြေသြဇာများ အရည်အသွေးကိစ္စနှင့်စပ်လျဉ်း၍ နယ်စပ်စခန်း၊ သင်္ဘောဆိပ်များတွင် တာဝန်ပေးအပ်ထားသော ဝန်ထမ်းများက နမူနာရယူစစ်ဆေးခြင်း ဆောင်ရွက်ရန်နှင့် ဈေးကွက်အတွင်း မြေသြဇာများကို စစ်ဆေးဆောင်ရွက်ရန်များ၊ ရွက်ဖျန်းမြေသြဇာများ အကျိုး ရှိ၊ မရှိနှင့်နှုန်းထားမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးရန်များနှင့် ဓာတ်မြေသြဇာ ထုတ်လုပ်ရာတွင် မြေသြဇာ ဥပဒေပုဒ်မ(၁၆)နှင့် မြေသြဇာ ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ်(၃၇)(ဆ)အရ ကုန်အမှတ်တံဆိပ်၊ အသားတင်အလေးချိန်၊ အပင်အာဟာရ ပါဝင်မှုရာနှုန်းများ ဖော်ပြရေးဆိုင်ရာ များကို ရှင်းလင်းတင်ပြပြီး ကော်မတီဝင် များက မိမိတို့လုပ်ငန်း ဌာနဆိုင်ရာများ အလိုက် ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အိုးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းသည့်ကျေးရွာ သို့မဟုတ် သမိုင်းထဲက ရန္တပို

သတင်းမှတ်စုနှင့်ဓာတ်ပုံ
ချမ်းသာ(မိတ္ထီလာ)

မြင်းခြံမြို့ မြောက်ဘက် ၁၄ မိုင်ခန့် ကွာဝေးသော ဧရာဝတီမြစ်ကမ်းနံဘေးတွင် ရန္တပိုရွာလေးတည်ရှိပါသည်။

"ရန္တပိုရွာက တောင်ရွာနဲ့ မြောက်ရွာရှိတယ်။တောင်ရွာကတော့ အိုးလုပ်တတ်တဲ့သူမရှိဘူး။ကျွန်တော်တို့ မြောက်ရွာမှာတော့ အိမ်ထောင်စု ၈၀ ရှိတယ်။ အိမ်ထောင်စုအားလုံးက အိုးလုပ်ငန်းကို လုပ်ကိုင်တယ်ဆိုရမယ်။ လယ်ယာလုပ်ငန်းလုပ်ကိုင်သူတစ်ဦးစ နှစ်ဦးစပဲရှိပါတယ်။

"ကျွန်တော့်မိသားစုတစ်စုလုံးကလည်း တစ်ရွာလုံးရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်တဲ့ အိုးလုပ်ငန်းနဲ့ပဲ အသက်မွေးဝမ်းကျောင်းပြုတာပါ"ဟု ရန္တပိုကျေးရွာသား ဦးမောင်သင်းက ပြောသည်။

အိုးလုပ်ငန်းအတွက် အဓိကကုန်ကြမ်းမှာ စနယ်မြေ(န္တုံ့စေး)နှင့် လောင်စာ(ထင်း)ဖြစ်ပြီး အသင့်အသုံးပြုနိုင်သောအိုးတစ်အိုးဖြစ်ရန် အဆင့်ဆင့်ပြုလုပ်ရကြောင်းနှင့် အိုးအမျိုးအစား ရှစ်မျိုးမှ ၁၀ မျိုးထိ ပြုလုပ်ကြသည်ဟု သိရသည်။

"အိုးလုပ်ဖို့ အဓိကကုန်ကြမ်း စနယ်မြေ(န္တုံ့စေး)ကို ရန္တပိုရွာနဲ့ မနီးမဝေးမှာရှိတဲ့ ညောင်တိုကျေးရွာ မြစ်ကမ်းဘေးမှာ သွားယူရပါတယ်။

"ပြီးတော့ အဲဒီ စနယ်မြေ(န္တုံ့စေး)ကို အိုးထွင်းလုပ်နိုင်တဲ့ မြေသားအဆင့်ရဖို့ အချိုးကျရောစပ်အသုံးပြုရတဲ့ သဲကိုလည်း ဂင့်ခဲ၊ ညောင်ကားယား အနီးအနား ကျေးရွာမြစ်ကမ်းဘေးတွေက သယ်ဆောင်ရပါတယ်။ သယ်လို့ရတဲ့ စနယ်မြေကို လှောင်အိမ်တဲအရိပ်မှာ လှောင်ထားရတယ်။ နေမထိအောင် ထားရတယ်။ နေထိရင်မာသွားမှာစိုးတဲ့အတွက်ပါ။ ပြီးတော့ ရေစိမ်ပြီး ကျောက်မှုန့်ကျောက်မွှား ခဲတွေမပါအောင်သန့်စင်ရတယ်။ သဲကိုလည်း အဲလို သန့်စင်အောင်လုပ်ပေးရတယ်။ ပြီးတော့ စနယ်မြေ(န္တုံ့စေး) တောင်း ခြောက်တောင်းနဲ့ သဲသုံးတောင်း အချိုးအဆအတိုင်း ရောစပ်ပြီး နင်းနယ်ပေးရတယ်။အိုးထွင်းတော့လည်း လူတစ်ယောက်က ခြေနင်းနဲ့ နင်းပြီးလှည့်ပေးတဲ့ အိုးထွင်းခုံမှာ ကျန်တစ်ယောက် အိုးထွင်းမယ့်န္တုံ့စေးမြေကို လက်နဲ့ ထိန်းပြီးလိုသလို ပုံစံအိုးကို ထွင်းယူရတယ်။ အဲဒါအိုးထွင်းတဲ့ အဆင့်ပဲရှိသေးတယ်။ အိုးကို ပန်းခက်ပန်းလက်ခေါ်တယ်။ ခွက်တန်းလို့ခေါ်တဲ့ ရိုက်တံကတော့ အိုးကိုယ်ထည်ကိုရိုက်ပြီးပုံဖော်ရာမှာသုံးတဲ့အရာပါ။ ချက်ပြားလို့ခေါ်တဲ့အိုးရိုက်တန်းတံကတော့ အိုးဖင်ပိုင်းကို ပွတ်ချောပုံဖော်ရာမှာ အသုံးပြုတာပါ" ဟုရန္တပိုကျေးရွာသူ မငြိမ်းငြိမ်းက ရှင်းပြသည်။ "အိုးရိုက် ပုံဖော်ပြီးသား အိုးတွေကို နေမထိအောင် အရိပ်အောက်တွေနဲ့ အပြောက်(ဒီဇိုင်း) ဖော်ဖို့အတွက် အိုးထွင်းခုံမှာ ထွင်းပြီးတဲ့အိုးကို သုံးလေးနာရီကြာအောင် နေပြပေးရတယ်။ ပြီးတော့ အပြောက်ဒီဇိုင်းဖော်ဖို့အတွက် ခွက်တန်း၊ ချက်ပြား၊ အိုးလက်ခုစတဲ့ အိုးရိုက်ပုံဖော်ရာမှာ အသုံးပြုတဲ့ လက်ရိုက်တံတွေကို အသုံးပြုပြီး အိုးကိုရိုက်ပြီး ပုံဖော်ယူရတယ်။ အိုးကြီး၊ အိုးလတ်၊ အိုးသေးဆိုပြီး သောက်ရေအိုး၊ သုံးရေအိုး၊ ပန်းပင်ပျိုးအိုးကြီးနဲ့ ဘုရားအိုး၊ ပန်းအိုးတွေကို ပြုလုပ်ယူရတယ်။ အိုးရိုက်တုတ်မှာ ဒီဇိုင်းပုံလေးတွေထွင်းထားတယ်။ အဲဒါနဲ့ ရိုက်ပြီးပုံဖော်ယူရတယ်။ အပြောက်လို့ လေသလပ်ပြီး အခြောက်ခံရတယ်။ ခြောက်ပြီးတဲ့ အိုးကိုမှ နေလှန်းပေးရတယ်။ နေလှန်းတဲ့အခါ အိုးတွေကို နေထိတဲ့နေရာ ညီအောင် လှည့်ပြောင်းရွှေ့ပေးနေရတယ်။ အဲလို အဆင့်အထိရောက်ပြီးပြီဆိုရင် အိုးဖုတ်လို့ရပြီ။ ဒါပေမယ့် အိုးတစ်ခါဖုတ်တော့မယ်ဆိုရင် အိုးနှစ်ထောင်၊ သုံးထောင်၊ လေးထောင်အထိရမှ ဖုတ်တာဆိုတော့ အဲဒီအရေအတွက်ရတဲ့ အထိ စောင့်ပြီး အိုးဖုတ်ကြတာပါ။ အိုးဖုတ်တဲ့အခါ မြေပြင်ကောက်ရိုးတွေခင်းတယ်။ ကောက်ရိုးပေါ်မှာ ထင်း(လောင်စာ) ခင်းတယ်။ အဲဒီ ထင်း(လောင်စာ)ဘေးမှာ ခရုပတ်ပုံစံ အိုးတွေကို ဆင့်ဆင့်ပြီးစီတယ်။ ပြီးတော့ အဲဒီအိုးတွေကို ကောက်ရိုးနဲ့ လုံအောင်ဖုံးတယ်။ ပြီးတော့ ပြာဖုံးပေးရတယ်။ ပြာဖုံးပြီး အဲဒါ အိုးဖုတ်တဲ့ဖိုအဆင့်ရောက်ပြီ။ အောက်ခင်း ကောက်ရိုးကို မီးရှို့ပေးလိုက်ရတယ်။ မီးအရှိန်ပြင်းတဲ့အခါကျမှ လေထွက်ပေါက်လေးတွေဖောက်ပေးရတယ်။ လေထွက်မဖောက်ပေးခင်မှာ ဖုံးထားတဲ့ပြာတွေနေရာက လေပေါက်တွေဖြစ်လာရင် ကောက်ရိုးနဲ့ လိုက်ပိတ်ပေးရတယ်။အဲလိုမှမဟုတ်ရင် အဲဒီနေရာက အိုးက မကျက်တော့ဘဲ အိုးပျက်ဖြစ်သွားတယ်။ အဲဒီလိုနည်းနဲ့ အိုးဖိုကို နှစ်ညအိပ်သုံးရက်၊ သုံးညအိပ်လေးရက် စသဖြင့် မီးပေးရတယ်။ အဲဒါပြီးရင်တော့ အသင့်သုံးနိုင်တဲ့ သောက်သုံးရေအိုး အမျိုးမျိုးအဆင့်ကို ရောက်ရှိရောင်းချပေးနိုင်ပါပြီ။ အိုးချောတွေ ဆိုရင်တော့အိုးမဖုတ်ခင် မြေဆေးနီသုတ် ကျောက်တိုက်ပေးရတယ်။အိုးချောနဲ့ ပုံဖော်ထားတဲ့ အိုးကြမ်းဆို အိုးချောက ဆေးသုတ် ကျောက်တိုက်ပေးရတဲ့အတွက် ဈေးနည်းနည်းပိုတာပေါ့" ဟု အိုးလုပ်ငန်း လုပ်ကိုင်ရောင်းချသူ ဦးမောင်သင်းက ပြောသည်။

အိုးထွင်းခုံတွင် အိုးထွင်းပြီးအိုးများအား ဒီဇိုင်းပုံဖော်(အိုးရိုက်)ခြင်းကို ဤသို့ လုပ်ကိုင်ကြရသည်။

အိုးမထွင်းမီ စနယ်မြေ(န္တုံ့စေး)အား သမအောင် ဤသို့ နင်းနယ်ပေးရသည်။

ရန္တပိုကျေးရွာမှ ထွက်သော အိုးများကို ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ပုဂံ၊ ညောင်ဦး၊ ချောက်၊ ရေနံချောင်း၊ ပခုက္ကူ၊ နန်းရွာ၊ ဆင်ဖြူကျွန်း၊ ဗန်းမော်၊ စဉ့်ကိုင်၊ မန္တလေးမြို့ကြီးများနှင့် ဖားကန့်ဒေသများ အထိ မော်တော်၊ သင်္ဘော၊ ကား စသည့် ခရီးအဆင့်ဆင့်ဖြင့် တင်ပို့ရောင်းချကြရပြီး တစ်နှစ်ပတ်လုံး ရောင်းချလုပ်ကိုင်ရသည်ဟု သိရသည်။ မြန်မာပြည်အနှံ့အပြားတွင်လည်း ရန္တပိုကျေးရွာမှ ထွက်သည့်အိုးများကို လူကြိုက်များနှစ်သက်ကြသည်ဟု ဆိုသည်။

မည်သို့ဆိုစေ ဘိုးဘွားအမွေအနှစ် သမ္မာအာဇီဝကျကျ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ကျေးရွာတစ်ရွာလုံး မြတ်နိုးတန်ဖိုးထားကာ နှစ်ပေါင်းရာ ကျော်ကြာမြင့်ပြီးနောက် ယနေ့ထက်တိုင် လုပ်ကိုင်နေကြသည့် ကျေးရွာလေး သို့မဟုတ် သမိုင်းထဲက ရန္တပိုကျေးရွာမှ ကျေးရွာသူကျေး ရွာသားများမှာ ဘဝရှင်သန်မှုအတွက် ရိုးသားကြိုးစား ပျော်ရွှင်ချမ်းမြေ့စွာဖြင့် လုပ်ကိုင်နေထိုင်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်လူသစ်
ဘဝသစ်

AB Bank Limited ၏ ဘဏ်ကိုယ်စားလှယ်ရုံး ရန်ကုန်မြို့၌ ဖွင့်လှစ်

ရန်ကုန် ဇွန် ၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံ AB Bank Limited ၏ ဘဏ်ကိုယ်စားလှယ်ရုံး ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ AB Bank Limited ၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. M Wahidul Haque က အဖွင့်အမှာစကားပြောကြားကာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး H.E. Major General Anup Kumar Chamka, ndc, psc က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် AB Bank Limited ၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. M Wahidul Haque တို့က ဘဏ်ကိုယ်စားလှယ်ရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)**

ထို့နောက် AB Bank Limited မန်နေဂျင်းဒါရိုက်တာ Mr. M Fazlur Rahman က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ မီလေဆိုင်းရပ်စ်မှ

"စေ့စပ်ပွဲကျင်းပနိုင်ခဲ့လို့ ကျွန်မ အရမ်းပျော်ပါတယ်။ ဟမ်းစ်ဝက်နှင့်အတူ ပျော်ရွှင်စရာကောင်းတဲ့ဘဝတစ်ခု တည်ဆောက်နိုင်လိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်"ဟု မီလေဆိုင်းရပ်စ်က ပီးပဲလ်မဂ္ဂဇင်းသို့ ပြောကြားသည်။

ယခုလောလောဆယ် မီလေဆိုင်းရပ်စ်သည် တေးအယ်လ်ဘမ်အသစ်တစ်ခုအတွက် သီချင်းများ အသံသွင်းလျက်ရှိပြီး ဟမ်းစ်ဝက်မှာ The Hunger Games ဇာတ်ကားနောက်ဆက်တွဲ မရိုက်ကူးမီ ရုပ်ရှင်ကားနှစ်ကား ရိုက်ကူးရန်စီစဉ်ထားသည်ဟု ပီးပဲလ်မဂ္ဂဇင်းက ဆက်လက်ရေးသားဖော်ပြသည်။ **အင်တာနက်။**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ မွန်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဇွန် ၇

၂၀၁၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက် ၈ နာရီတွင် မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက် ဦးနာအောက်လမ်း လေယာဉ်ကွင်းအနီး၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများနှင့် ပြည်သူများက ကျွန်း၊ ယူကလစ်၊ မဟော်ဂနီ၊ ရင်းမာ၊ ကညင်၊ ကစွယ်၊ ငုရွှေဝါ၊ စိန်ပန်းကြီးနှင့် အနမ်းပင် စုစုပေါင်းအပင် ၁၀၂၀ တို့အား စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မုဒုံမြို့နယ် ကင်းချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ဘလောက်-ညောင်ပိုင်းကျေးရွာ မူလွန်ကျောင်း၊ ကတုံးပေါ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် မုဒုံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ မြန်မာ ယူ-၂၂ မှ

ပဏာမ မြန်မာ့လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးဝင်းသူမိုး၊ နည်းပြချုပ်အဖြစ် မစ္စတာ ဆီမာဂျီ၊ လက်ထောက် နည်းပြအဖြစ် ဦးအောင်အောင်ထွန်း၊ ဂိုးနည်းပြအဖြစ် ဦးအောင်ကျော်ကျော်၊ ကစားသမားများအဖြစ် ဂိုး- သီဟစည်သူ (ရောဝတီ)၊ ကျော်ဇင်ထက်(ကမ္ဘောဇ)၊ နောက်တန်း ခင်မောင်လွင်၊ အောင်သိုက်၊ ပြည့်ဖြိုးအောင်(ရန်ကုန်)၊ မိုးဝင်း(နေပြည်တော်)၊ ညဏ်လွင်(ကမ္ဘောဇ)၊ ဇော်ခါ (southern)၊ အလယ်တန်း-မင်းမင်းသူ (ရောဝတီ)၊ ဒေးဗစ်ဒန်း၊ ရန်အောင်ကျော်(ရန်ကုန်)၊ လှအေးထွေး(ကမ္ဘောဇ)၊ ပိုင်စိုး၊ အောင်မြင့်အေး (ရတနာပုံ)၊ ရှေ့တန်း- ရန်ပိုင်(ရတနာပုံ)၊ ရာဇာဝင်းသိန်း(ရန်ကုန်)၊ စိုးမြတ်သူ(ဇေယျာရွှေမြေ)နှင့် မိုင်းအိုက်နိုင် (ကမ္ဘောဇ)တို့ ပါဝင်ကြသည်။

မြန်မာယူ-၂၂ အသင်းသည် အာရှယူ-၂၂ ခြေစစ်ပွဲဝင်ရန် ဇွန် ၅ ရက်မှစ၍ စခန်းဝင်လေ့ကျင့်လျက်ရှိပြီး ပထမဆုံးခြေစမ်းပွဲအဖြစ် ပဏာမလက်ရွေးစင်အသင်းနှင့် ကစားခြင်းဖြစ်သည်။ ယင်းခြေစမ်းပွဲအပြီးတွင် ထိုင်းနိုင်ငံသို့ သွားရောက်၍ ထိုင်းယူ-၂၂ အသင်း၊ မော်လဒိုက် ယူ-၂၂ အသင်းတို့နှင့် ထပ်မံ ခြေစမ်းကစားမည်ဖြစ်သည်။

ပဏာမလက်ရွေးစင် တိုက်စစ်မှူး ရန်ပိုင်။

မြန်မာယူ-၂၂ အသင်းမှ ရွေးချယ်လေ့ကျင့်ပေးနေသော ကစားသမားများထဲမှ ဂိုးသမား ပြည့်ဖြိုးအောင်မှာ ခြေဖမိုးရိုးကျိုးဒဏ်ရာ ရရှိနေသောကြောင့် ခြေစစ်ပွဲကို လွဲချော်ရတော့မည်ဖြစ်ပြီး မကွေးဂိုးသမား အောင်ဝေဖြိုးကို အစားထိုးရွေးချယ်ခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ် မြဝတီမြို့နယ် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မြဝတီ ဇွန် ၇

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် အမှတ်(၁)ရပ်ကွက် သောင်းရင်းမြစ်ကမ်းဘေး၌ ၂၀၁၂ ခုနှစ် မိုးရာသီ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၅ ရက်က ကျင်းပရာ မြဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်တင်၊ မြဝတီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကာ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ပြည်သူများပါဝင်၍ စုပေါင်းအင်အား ၂၇၀ ဖြင့် ကျွန်း ၄၆၃ ပင်၊ စိန်ပန်းလေး ၂၆ ပင်၊ စိန်တံချူ ၅၁ ပင် စုစုပေါင်း အပင် ၅၄၀ တို့အား စိုက်ပျိုးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

(၅၇၀)

ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီတွင် ငါးဖမ်းခြင်းမပြုရန် ပညာပေးနှိုးဆော်ချက်

"ငါးရစ်ငါးသန် ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း"
"ငါးရစ်တစ်ကောင် သုံးလရှောင်၊ ထောင်သောင်းတိုးပွား ရေရှည်စား"

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်း အင်းအိုင်အနှံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန် နေရာရှာ၍ ငါးရစ်တက်ကြပါသည်။

ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များသည် သေကျေပျက်စီးကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံး ငါးရိက္ခာ ဖူလုံစွာစားသုံးနိုင်ရေးကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၂/၉၂)ဖြင့် ငါးရစ် ငါးသန် ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၅ အရ ဖမ်းဆီးတရားစွဲဆို အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သောမိုးရာသီအချိန်များတွင် ငါးရစ်ငါးများ လွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသည့် ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ဗဟန်းစာရေးဆရာအသင်း နာယကတင်မြှောက် မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီ ဖွဲ့စည်း

ရန်ကုန် ဇွန် ၇

ဗဟန်းမြို့နယ် စာရေးဆရာအသင်း၏ နာယကများအဖြစ် ဦးဝင်းဖေ (မြဇင်)၊ ဦးခင်မောင်အေး (တက္ကသိုလ်ခင်မောင်အေး)၊ဒေါက်တာရီရီလှ (ယုဝတီခင်ဦး)၊ ဦးခင်မောင်ညွှန့် (ဒေါက်တာခင်မောင်ညွှန့်)၊ ဦးကျော်စိန် [တိုင်းရင်းသမားတော်ကြီး ဦးကျော်စိန်(မိုးကုတ်)] တို့အားတင်မြှောက်၍ ဩဝါဒခံယူခြင်းနှင့် မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီ နာယကများအဖြစ် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ပညာရေးမှူး၊ ဦးကျော်စိန်၊ ဦးကိုကိုလေး(ရန်ကင်းကိုကိုလေး)တို့ဖြင့် ဖွဲ့စည်း၍မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးခြင်း အခမ်းအနားကို ဇွန် ၅ ရက် ညနေ ၄ နာရီတွင် ဗဟန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါမဂ္ဂဇင်း၌ ဖော်ပြနိုင်ရန် စာမူများကို ဇွန် ၁၅ ရက်မှ ဇူလိုင် ၃၀ ရက် နောက်ဆုံးထား၍ အမှတ်(၂၂၂) ရွှေဂုံတိုင်လမ်း အတွင်းရေးမှူး ဦးလှိုင်မြင့် (တမာမြေလှိုင်မြင့်) ထံ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၅၄၁၉၄၃ သို့ ဆက်သွယ်၍ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့နိုင်သည်။

(ကြေးမုံ)

ငါးရစ်တစ်ကောင် သုံးလရှောင်
ထောင်သောင်းတိုးပွား ရေရှည်စား

ယနေ့ ဖတ်စရာမှတ်စရာ **မွန်လေး**

ကျွန်တော် စပယ်ယာပါဗျာ-

"ကျွန်တော်စပယ်ယာပါဗျာ. . . တောင်းပန်ပါတယ်။ ဟိုဦးလေး၊ အဒေါ်ကြီး. . . ဟိုဘက်နောက်နားကို နည်းနည်းလောက် တိုးပေးပါဗျာ၊ ဒီအောက်မှာက ကျောင်းသားလေးတွေ၊ ကျောင်းချိန်မှီလို့. . . ကျောင်းသားအားလုံး ကျောင်းကို အချိန်မီရောက်ဖို့ပါနော်. . . ကူညီပါဗျာ၊ သူတို့လည်း ဒီကားနဲ့ ပါသွားရအောင်လို့ပါ. . . အားလုံးကို တောင်းပန်ပါတယ်နော်. . . "

ပြီးခဲ့သည့် အင်္ဂါနေ့ ကျောင်းဖွင့်ရက် နံနက် ၇ နာရီခွဲခန့် တာမွေမှ ရန်ကုန်မြို့ထဲသို့ ကိစ္စတစ်ခုဖြင့်အသွား သယ်န်းကျွန်း-မော်တင် အမှတ်(၃၉) (ရိုးရိုး) လိုင်းကားတစ်စီး တာမွေ-သီတာလမ်းမှတ်တိုင်မှ မထွက်မီ စပယ်ယာလူငယ်က ကျောင်းတက်သွားကြမည့် ကျောင်းသားအားလုံး ကျောင်းချိန်အမီ လိုက်ပါစီးနင်းနိုင်ရေးအတွက် ကားပေါ်ရောက်နှင့်ပြီးသော မိမိတို့ခရီးသည်များအား ကားအောက်ဘက်မှနေ၍ မေတ္တာရပ်ခံပြောသံပင် ဖြစ်ပါသည်။

စပယ်ယာ လူငယ်တစ်ယောက်၏ ကျောင်းသားလူငယ်များ စာသင်ခန်းဆီ အချိန်မီရောက်စေဖို့ တတ်သိပညာသင်ကြားစေဖို့ ကျောင်းသားလူငယ်များအပေါ်ထားရှိသည့် စေတနာသည်ကား လေးစားလောက်ပေသည်။

"စပယ်ယာဆိုလျှင်. . . " ဆိုသည့် အကောင်းမမြင်တတ်သည့် မိမိ၏ မကောင်းမြင်စိတ်ဓာတ်အပေါ် ရှက်ရွံ့ခံစားမိပါသည်။ ဒီလို စပယ်ယာမျိုး ယာဉ်လိုင်းအသီးသီးတွင် များစွာရှိသည်ကိုလည်း ကိုယ်တိုင်တွေ့ဖူး ကြုံဖူးပါသည်။ ယင်းသို့သော ယာဉ်လုပ်သားကောင်းများ ပေါ်ထွက်လာရေးအတွက် ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီကလည်း ယာဉ်လုပ်သား အခြေခံသင်တန်းနှင့် မွမ်းမံသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးလျက်ရှိသည်။

ခရီးသည်အများစုမှာ လိုင်းကားပေါ်ရောက်သည်နှင့် ရှေ့မတိုးချင်၊ နောက်မဆုတ်ချင်ကြ၊ ယင်းမှာ မိမိဆင်းရမည့် မှတ်တိုင်ရောက်ပါက ခရီးသည်များကြား တိုးဝှေ့သွားရမည်ကို အားနာခြင်း၊ စိုးရွံ့ခြင်းတို့ကြောင့် ဖြစ်ပါ၏။ အခြားသူတွေအတွက် မစဉ်းစား၊ ကိုယ်ချင်းမစာနာ၊ မိမိသာ နေရာအဆင်ပြေရန်၊ မိမိသာ လိုင်းကားပေါ်လိုက်ပါခွင့်ရရန်ကိုသာ စဉ်းစားတတ်ကြသည်။

မိမိဆင်းရမည့် စိန်ပေါလ်မှတ်တိုင်ရောက်တော့မည်။ သိမ်ဖြူဈေးမှတ်တိုင်လွန်သည်နှင့် အဆင်းပေါက်နားအထိ ကြိုတင်လှုပ်ရှား နေရာယူထားမိသည်။ ဤတွင်မိမိနှင့် ကပ်လျက်ရှိ စပယ်ယာလူငယ်က "ဒီလိုပါပဲ ဦးလေးရယ်၊ ကျွန်တော်တို့က ခရီးသည်အများနဲ့ဆက်ဆံရတော့ တစ်ခါတလေ အပြောအဆိုမှားယွင်းမှု၊ မယဉ်ကျေးမှုတွေ ရှိမိပါတယ်၊ ဒါကြောင့်လည်း ခရီးသည်တွေကို တောင်းတောင်းပန်ပန်နဲ့ပဲ ပြောဆိုဆက်ဆံပါတယ်၊ လိုင်းတာဝန်ရှိလူကြီးတွေကလည်း ထမင်းရှင်ဖြစ်တဲ့ ခရီးသည်နဲ့ ဆက်ဆံတဲ့အခါ တတ်နိုင်သလောက် သည်းခံခွင့်လွှတ်ဖို့ အမြဲတမ်းမှာပါတယ်၊ ကျွန်တော်တို့လည်း လိုက်နာပါတယ်၊ ဒါပေမယ့် တစ်ခါတစ်ရံ ခရီးသည်များဘက်က အလိုက်မသိသူတွေလည်းရှိတော့ တောင်းတောင်းပန်ပန်နဲ့ အလုပ်လုပ်ရပါတယ်၊ အခုလို ကျောင်းသားလေးတွေ တစ်ခါတည်းပါလာတော့ ကျောင်းချိန်မီလို့ ကျောင်းစာကို အေးအေးချမ်းချမ်းနဲ့ သင်နိုင်တာပေါ့ဗျာ၊ ဟုတ်တယ်-ဟုတ်" ဟု အချိန်တိုလေးတွင်ပင် ရင်ဖွင့်သည်။

စပယ်ယာလူငယ်၏ စီစဉ်မှုကြောင့် လိုင်းကားစီး ကျောင်းသား ကျောင်းသူများ ကျောင်းသို့ အချိန်မီ ရောက်ကြရသည်။ ကျောင်းစာသင်ခန်းတွင် အေးအေးချမ်းချမ်း စာပေသင်ကြားနိုင်ကြမည်။ သူတို့လေးတွေ၏ ပညာရည်နှင့် သောက်စို့နေမှုအပြုံးပန်းများ၊ 'ကျောင်းနေပျော်၍ စာတော်ရမည်' ဟူသော ဆောင်ပုဒ်အတိုင်း လူချွန်လူကောင်းများ မလွဲဧကန်ဖြစ်လာမည်ကို မြင်ယောင်မိ၍ဝမ်းသာပီတိဖြစ်ခဲ့ရသည်။

ပညာတတ်လူငယ်လူရွယ်များပေါ်များဖြစ်ထွန်းလာခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ အပေါင်းလက္ခဏာ ရေသောက်မြစ်ဖြစ်သည်။ ပညာတတ်လူငယ်လူရွယ်များဖြစ်ပေါ်လာရန်မှာ အခြေခံပညာသင်ယူချိန်မှစ၍ပြုစုပျိုးထောင်လေ့ကျင့်ပေးရသည်။ ယင်းကို နိုင်ငံတော်အပိုင်း၊ မိဘဆရာသမားအပိုင်းက သူ့အပိုင်းနှင့်သူ ဆောင်ရွက်နေကြသည်။ မိမိတို့ဘက်ကလည်း နိုင်ရာနိုင်ရာ ကဏ္ဍတစ်ရပ်ရပ်၊ စာနာမှုတစ်ရပ်ရပ်တို့ဖြင့် ပါဝင်ကူညီအားဖြည့်ပေးကြရန် လိုမည်ဖြစ်သည်ကို စပယ်ယာလေး၏ပညာပေးမှုအပေါ် သိမြင်ခံစားလိုက်ရမိသည်။

"ကျွန်တော် စပယ်ယာပါဗျာ၊ တောင်းပန်ပါတယ်" ကဲ့သို့ပင်
"ကျွန်တော် ခရီးသည်တစ်ဦးပါဗျာ၊ ကိုယ်ချင်းစာနာတတ်ပါပြီ" ဟူ၍ ဆိုချင်ပါသည်။ ။

ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့

ရန်ကုန် ဇွန် ၇

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ရေစကြိုမြို့နယ် ရွာထောင်ကျေးရွာနှင့် ကုက္ကိုစုကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ချို့တဲ့မူလတန်းကျောင်းသား ကျောင်းသူ ၃၀တို့အား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြအေးစီနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်ရီရီဌေးတို့က ကျောင်းဝတ်စုံများနှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ ဖေထွဏ်းဇော်(ရေစကြို)

Comprehensive Education Sector Review (CESR)
ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၇

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehensive Education Sector Review -CESR) ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ CESR ဦးဆောင်ကော်မတီနာယက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး တက်ရောက် အမှာစကားပြောကြားသည်။

ဦးဆောင်ကော်မတီနာယက ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ကျောင်းများတွင် ပညာရေးအရည်အသွေး မြင့်မားရေးအတွက် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို အချိုးမျှတစွာ ပြုစုရေးဆွဲသင်ကြားရန် လိုအပ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးအတွက် ဆရာ ဆရာမများ၏ သင်ကြားမှုအရည်အသွေးကို မြှင့်တင်ပေးရမည် ဖြစ်ကြောင်း၊ အခြေခံပညာကဏ္ဍ၊ အသက်မွေးပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍတို့တွင် ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ဇွန်လလယ်ပိုင်းတွင် ကျင်းပမည့်လုပ်ငန်းများ၊ CESR အကောင်အထည်ဖော်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးတွင် တင်ပြမည့် လုပ်ငန်းလျာထားချက်များကို ညှိနှိုင်းဆွေးနွေး အတည်ပြုပေးရန်နှင့် လုပ်ငန်းအဖွဲ့အလိုက် ပူးပေါင်းပါဝင်လုပ်ကိုင်ရမည့် ကိုယ်စားလှယ်များအား လျာထားသတ်မှတ်ပေးရန်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီအတွင်းရေးမှူး ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက CESR လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရန်လျာထားသည့်လုပ်ငန်းများနှင့် ဝန်ကြီးဌာနအလိုက် တွဲဖက်တာဝန်ထမ်းဆောင်ရန် လျာထားသည့် ဝန်ထမ်းဦးရေစာရင်းတို့ကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးညှိနှိုင်းအတည်ပြုကြသည်။

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအေးကြူက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးကြူနှင့် ဦးဘရွှေ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦး၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာ-ယူနီဆက်ဌာနေကိုယ်စားလှယ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သဘာဝဘေးအန္တရာယ်လျော့ပါးရေးတွင် စာသင်ကျောင်းများနှင့် ရပ်ရွာလူထုများ၏ အခန်းကဏ္ဍဆိုင်ရာ နှီးနှောဖလှယ်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် SEED Asia Myanmar တို့ ပူးပေါင်းကျင်းပသည့် သဘာဝဘေးအန္တရာယ်လျော့ပါးရေးတွင် စာသင်ကျောင်းများနှင့် ရပ်ရွာလူထုများ၏ အခန်းကဏ္ဍဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။**(အောက်ပုံ)**

ဒုတိယဝန်ကြီးက မြန်မာနိုင်ငံသည် ရေမြေသဘာဝအရ သဘာဝဘေးအန္တရာယ်မျိုးစုံ ရင်ဆိုင်ကြုံတွေ့ရနိုင်သည့် နိုင်ငံတစ်ခုဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရနှင့် ပြည်သူများ၏ ဘေးအန္တရာယ် တုံ့ပြန်နိုင်စွမ်းရည်ကို မြှင့်တင်ပေးနိုင်ရန်သာမက ဘေးအန္တရာယ်ဒဏ်ကို ကြံ့ကြံ့ခံနိုင်ရည်ရှိသည့် လူမှုအဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရေးအတွက် စွမ်းဆောင်ရည် တည်ဆောက်ပေးနိုင်ရေး အလေးထား ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ရာ၌လည်း နိုင်ငံတကာအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကဲ့သို့သော ပညာရှင်အဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်များကို အရေးပေါ် တုံ့ပြန်ရာတွင် များစွာအတွေ့အကြုံရင့်ကျက်သော နိုင်ငံတစ်ခုဖြစ်သည့်အတွက် အဆင့်မြင့်နည်းပညာပိုင်းဆိုင်ရာများနှင့် ကြိုတင်သတိပေးစနစ်များ အဆင့်မြှင့်တင်ခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်းနှင့် မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ရာ၌ နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါအခမ်းအနားသို့ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် SEED Asia Myanmar တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာအုပ် စာပေ လူ့မိတ်ဆွေ

လိုင်စင်မဲ့ဆိုင်ကယ်များအား တရားဝင် ယာဉ်မှတ်ပုံတင်ရေးဆောင်ရွက် အသက်အန္တရာယ်မထိခိုက်အောင် စည်းကမ်းချက်နှင့် အညီ စီးနင်း

သတင်းနှင့် ဓာတ်ပုံ ➤ ဖြိုးစန္ဒာမြင့်(ကြေးမုံ)

မြန်မာနိုင်ငံတွင် မော်တော်ဆိုင်ကယ်စီးနင်းမှု ကန့်သတ်ထားသော ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်းမှ အပ မော်တော်ဆိုင်ကယ်များကို မြန်မာနိုင်ငံအနှံ့အပြားတွင် တွင်ကျယ်စွာအသုံးပြုလျက်ရှိသည်။ မော်တော်ဆိုင်ကယ်သည် အငှားယာဉ်၊ လိုင်းကားများနှင့်စာလျှင် သွားလာမှု ပိုမိုအဆင်ပြေလွယ်ကူမှုကြောင့် မြန်မာနိုင်ငံတွင် မော်တော်ဆိုင်ကယ်အသုံးပြုမှုမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာလျက်ရှိသည်။

ယခုအခါ နိုင်ငံအတွင်းသို့ နယ်စပ်ဒေသစစ်ဆေးရေးဂိတ်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအား နည်းအမျိုးမျိုးဖြင့် ရှောင်လွှဲပြီး တရားမဝင် ဝင်ရောက်နေသော မော်တော်ဆိုင်ကယ်များ၏ စာရင်းကောက်ခံရရှိမှုအရ ၂၀၁၂ ခုနှစ် ဇန်နဝါရီလအထိ ၁၉၅၈၁၂ စီးရှိကြောင်း သိရသည်။ သို့သော်အမှန်တွင် တကယ်ရှိနေသည့် တရားမဝင် မော်တော်ဆိုင်ကယ်အရေအတွက်မှာ ကောက်ခံစာရင်းထက် ပိုမိုများပြားနေသည်ကို တွေ့မြင်နေရသည်။

အဆိုပါ လိုင်စင်မဲ့ဆိုင်ကယ်များကို ပြည်သူများအား သတ်မှတ်သည့်အခွန်အခများ ပေးဆောင်စေ၍ တရားဝင် ယာဉ်မှတ်ပုံတင်ရေးလုပ်ငန်းများကို ဇွန် ၆ ရက်မှ အောက်တိုဘာ ၄ ရက်အထိ စီမံချက်ကာလလေးလ သတ်မှတ်ကာ ဆောင်ရွက်ပေးမည်ဖြစ်ပြီး သတ်မှတ်ကာလ ကျော်လွန်သွားပါက ယင်းဆိုင်ကယ်များကို နိုင်ငံပိုင်အဖြစ် သိမ်းဆည်းသွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်က လိုင်စင်မဲ့ဆိုင်ကယ်များစီးနင်းလျက်ရှိသောသူများသည် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များအား ရှောင်လွှဲပြီး အဆိုပါလိုင်စင်မဲ့ဆိုင်ကယ်များကို မိမိဒေသတစ်ဝိုက်အတွင်း၌သာ စီးနင်းကြသည်။ ယနေ့အချိန်အခါတွင် အဆိုပါဆိုင်ကယ်များကို တရားဝင် ယာဉ်မှတ်ပုံတင်ပြုလုပ်၍ မြန်မာပြည်တစ်ဝန်း ဆိုင်ကယ်စီးနင်းခွင့်ရှိသည့် မည်သည့်ဒေသမဆို စီးနင်းခွင့်ပြုတော့မည်ဖြစ်ရာ ယာဉ်အရေအတွက် ပိုမို များပြားလာခြင်း၊ ယာဉ်ကြောရှုပ်ထွေးလာစေခြင်းတို့ကြောင့် ယာဉ်မတော်တဆမှုများ မဖြစ်ပွားရအောင် ဆိုင်ကယ်မောင်းသူများလိုက်နာရမည့်စည်းကမ်းချက်များကို လေးစားလိုက်နာကြဖို့ လိုအပ်ပေသည်။

အဆိုပါစည်းကမ်းချက်များထဲမှ ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန်၊ လူနှစ်ဦးထက်ပိုမစီးရန်၊ လိုအပ်သည်ထက် အရှိန်ကို ပိုမမောင်းရန်အစရှိသော စည်းကမ်းချက်များမှာ ဆိုင်ကယ်စီးနင်းသူတို့၏ အသက်အန္တရာယ်ကို ကာကွယ်ပေးရန်အတွက် ထုတ်ပြန်ထားသော စည်းကမ်းချက်များဖြစ်သည်။ အရည်အသွေးကောင်းမွန်သည့် ဆိုင်ကယ်ဦးထုပ်ဆောင်းရမည်ဆိုသော စည်းကမ်းချက်သည် အကယ်၍ ယာဉ်မတော်တဆမှုဖြစ်ပွားပါက ဦးထုပ်က ဦးခေါင်းကို ကာကွယ်ပေးထားသောကြောင့် ဦးခေါင်းထိခိုက်ဒဏ်ရာရပြီး အသက်အန္တရာယ်ဆုံးရှုံးမှုမှ ကာကွယ်ပေးနိုင်သောကြောင့် မဖြစ်မနေ လိုက်နာသင့်သော စည်းကမ်းတစ်ရပ်ဖြစ်ပါသည်။

သို့သော် လူအများစုသည် ထုတ်ပြန်ထားသော စည်းကမ်းချက်များကို ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က စစ်ဆေးအရေးယူသောနေရာများတွင်သာ လိုက်နာဟန်ဆောင်ကြပြီး နောက်ကွယ်တွင် လိုက်နာမှုမရှိခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လျစ်လျူရှုပြီး စည်းမဲ့ကမ်းမဲ့ မောင်းနှင်ခြင်း၊ လူနှစ်ဦးထက်ပိုမိုတင်ဆောင်ခြင်း၊ မူးယစ်သောက်စားပြီး ဆိုင်ကယ်မောင်းနှင်ခြင်း၊ လူငယ်အချင်းချင်း မလိုဒေါသများထားရှိကာ ဆိုင်ကယ်ပြိုင်စီးခြင်းတို့ကြောင့် ယာဉ်မတော်တဆမှုများ တစ်နှစ်ထက်တစ်နှစ်တိုး၍ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ဖြစ်ပွားမှုကြောင့် မော်တော်ယာဉ် မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် ပညာပေးမှုများ၊ ဟောပြောပွဲများ၊ ပိုစတာများဖြင့် လိုက်နာရမည့် စည်းကမ်းချက်များကို ထုတ်ပြန်ပေးထားပြီး အမှန်တကယ်လိုက်နာစေရန်အတွက် စစ်ဆေးအရေးယူမှုများကိုလည်း အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် အဆိုပါထုတ်ပြန်ထားသော စည်းကမ်းချက်များကို မိမိ အသက်အန္တရာယ်ကာကွယ်ရန် ထုတ်ပြန်ပေးထားသည့်စည်းကမ်းများဟုခံယူပြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ စစ်ဆေးသည့်နေရာများတွင်သာမက မိမိဆိုင်ကယ် အသုံးပြုစဉ်ကာလတစ်လျှောက်လုံး လိုက်နာသွားကြမည်ဆိုပါက အသက်အန္တရာယ်လုံခြုံစိတ်ချစွာဖြင့် မိမိလိုရာခရီးသို့ အဆင်ပြေချောမွေ့စွာဖြင့် ရောက်ရှိနိုင်မည် ဖြစ်ပါသည်။ ။

အန္တရာယ်ကင်းရှင်းရေးအတွက် ထုတ်ပြန်ပေးထားသော စည်းကမ်းချက်များကို လိုက်နာခြင်းဖြင့် လိုရာခရီးကို ချောမွေ့စွာ ရောက်နိုင်မည်။

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

နေအိမ်ပြင်ပ၌ ညအိပ်ရပ်နားထားသော ကားအစိတ်အပိုင်းများနှင့် မော်တော်ဆိုင်ကယ်ဒစ်(စ်)ဝိုင်းများ ခိုးယူ

မန္တလေး ဇွန် ၇

မန္တလေးမြို့တွင် နေအိမ်ပြင်ပ၌ ညအိပ်ရပ်နားထားသော မော်တော်ကားအစိတ်အပိုင်းများ၊ ဘက်ထရီအိုးနှင့် မော်တော်ဆိုင်ကယ်ဒစ်(စ်)ဝိုင်းများ ခိုးယူခံနေရသည်။ ယခင်က မီးလုံး၊ နောက်ကြည့်မှန်များသာ ဖြုတ်ခိုးကြသော်လည်း ယခုရက်ပိုင်းအတွင်း မော်တော်ကားနောက်ပိုင်းက တပ်ထားသော ကားအမည်တံဆိပ်များအား ဖြုတ်ခိုးမှုများရှိကြောင်း ချမ်းအေးသာစံမြို့နယ် ၇၉ လမ်းရှိ မော်တော်ကားပိုင်ရှင်တစ်ဦးက ဆိုသည်။

မော်တော်ဆိုင်ကယ် ဒစ်(စ်)ဝိုင်းနှင့် ကားပစ္စည်းများ ပျောက်ဆုံးမှုသည် လူစည်ကားရာနေရာ၊ လက်ဖက်ရည်ဆိုင်၊ လမ်းဘေးညအိပ်ရပ်နားထားချိန် ခိုးယူခံရခြင်းဖြစ်ကြောင်း၊ ကားပစ္စည်းအဟောင်းဈေးကွက်သည် ၈၂ လမ်း၊ သီရိမာလာဈေး၊ ကျွဲဆည်ကန်တို့၌ ရှိပြီး ဒစ်(စ်)ဝိုင်းနှင့် ယာဉ်ပစ္စည်းများ ပျောက်ဆုံးမှုအား သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့ စခန်းများမှ စောင့်ကြည့်ဖမ်းဆီး အရေးယူနိုင်ရန် ယာဉ်ပိုင်ရှင်များက လိုလားလျက်ရှိကြောင်းသိရသည်။

မောင်စေတနာ(မန္တလေး)

ခရီးသည်ယာဉ်ပေါ်မှ ဆင်းကာ လမ်းဖြတ်ကူး၍ ယာဉ်တိုက်ခံရ

ကန်ကြီးထောင့် ဇွန် ၇

ဇွန် ၄ ရက် နံနက် ၁၁ နာရီခွဲခန့်က ကန်ကြီးထောင့်မြို့နယ် ရွာသစ်ကုန်း ကျေးရွာအနီး ပုသိမ်-ရန်ကုန်ကား လမ်းမိုင်တိုင် (၁၁/၇)နှင့် (၁၂/၀) အကြားတွင် ပုသိမ်မြို့မှ ကန်ကြီးထောင့်မြို့သို့ ပြေးဆွဲသော (လ/. . . . ဒိုင်နာ ခရီးသည်ယာဉ်ပေါ်မှ ရွာသစ်ကုန်း ကျေးရွာနေသူ မသိဂီဦး(၂၂ နှစ်)(ဘ-ဦးဇော်နိုင်)သည် ကားပေါ်မှ ဆင်းလာပြီး လမ်းဖြတ်ကူးရာမှ ရန်ကုန်-ပုသိမ်သို့ ယာဉ်မောင်းဦးလှမြင့် (စုံစမ်းဆဲ) မောင်းနှင်သည့် (၂၀/. . .)ပုသိမ်သူ မှန်လုံယာဉ်ကားက ဝင်တိုက်မိရာ မသိဂီဦး၏ ဝဲချိုစောင်းပေါက်ပြဲ၊ ဝဲပါးပြင်ပွန်းပဲ့၊ ဝဲပေါင်ပွန်းပဲ့ဒဏ်ရာများ ရရှိသွားသည်။

အဆိုပါ ယာဉ်တိုက်မှုကို ဒုတိယရဲအုပ် သိန်းလွင်၏တိုင်တန်းချက်အရ ကန်ကြီးထောင့်ရဲစခန်းက (ပ)၃၆/၂၀၁၂၊ ပုဒ်မ-၃၃၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (၅၅၂)

ဦးနှောက်အာရုံကြောအတက်ရောဂါဖြင့် ကူးတို့ရေယာဉ်ပေါ်မှ ပြုတ်ကျသေဆုံး

အင်္ဂပူ ဇွန် ၇

ဇွန် ၃ ရက် နံနက် ၈ နာရီခန့်က အင်္ဂပူမြို့နယ် ညောင်ကျိုးကျေးရွာမှ ဟင်္သာတသို့ ဦးတင်ထွန်းလွင်ပိုင် သပြေနိုင် ရေယာဉ်သည် ခရီးသည်များ တင်ဆောင်မောင်းနှင်လာရာ ချင်းကုန်းကျေးရွာအနီး သောင်တင်သွားသဖြင့် ခရီးသည်များအား ဦးဝါနုပိုင်ကူးတို့ ရေယာဉ်ပေါ်သို့ တင်ဆောင်ပြီး မော်တော်ပြင်ဆင်နေစဉ် အင်္ဂပူမြို့နယ် ပန်းဒိုးကျေးရွာနေ မအိအိစိုး (၃၄ နှစ်) နှင့်အတူ လိုက်ပါလာသော မောင်တစ်ဝမ်းကွဲတော်စပ်သူ မင်းချစ်သူ (၂၄ နှစ်)သည် ဦးနှောက်အာရုံကြောရောဂါကြောင့်တက်ပြီး ရေထဲသို့ ပြုတ်ကျသေဆုံးသွားသည်။

အဆိုပါ သေဆုံးမှုနှင့်ပတ်သက်၍ ဖြစ်ရိုးဖြစ်စဉ်အတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ်သိရှိရန် မအိအိစိုး၏တိုင်တန်းချက်အရ ညောင်ကျိုးရဲစခန်းမှ သေမှုသေခင်းအမှတ်(၃/၂၀၁၂)ဖြင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ (၅၅၂)

မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ တွဲဆိုင်း ခုနစ်ဆိုင်းအပြည့် ငါးချီပွဲများဖြင့် ကျင်းပမည်

ရန်ကုန် ဇွန် ၇

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ ထက်လင်းတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး၏ အဓိကကူညီပံ့ပိုးမှုဖြင့် H&S Group က တာဝန်ယူစီစဉ်သည့် မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ဇွန် ၁၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် သိမ်ဖြူအားကစားခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ယခုကျင်းပသည့်ပွဲ၏ ထူးခြားချက်မှာ မြန်မာနှင့် ထိုင်း လက်ဝှေ့တွဲဆိုင်း ခုနစ်ဆိုင်း ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး တွဲဆိုင်းအားလုံး ငါးချီစိန်ခေါ်ပွဲများ ဖြစ်ကြသည်။

အဓိကစိန်ခေါ်ထိုးသတ်မည့် စိုးလင်းဦး (မြန်မာ)နှင့် ချန်စု(ထိုင်း)တို့က ယခုမှ ပထမဆုံးအကြိမ် တွေ့ဆုံကြခြင်းဖြစ်၍ ကြိုးဝိုင်းထဲကျမှ အကဲစမ်းပညာပြိုင်ကြရပေမည်။ စိုးလင်းဦးသည် ရွှေခါးပတ်ချန်ပီယံနှင့် ထပ်ဆင့်ဒဂုံ ရွှေအောင်လံဆုရှင်ဖြစ်ပြီး မွေထိုင်းပွဲထိုးသတ်မှုတွင် ရှုံးပွဲမရှိသေးဘဲ သရေပွဲနှင့် နိုင်ပွဲများသာ ရရှိထားသူဖြစ်သည်။ ပြည်တွင်း၌လည်း တွေ့မရှောင်၊ ထွန်းထွန်း၊ ရန်ကြီးအောင်တို့ကို သရေပွဲထိုးသတ်ထားနိုင်သည်။



ဒေါနအောင် (မြန်မာ) အာခွန်း (ထိုင်း)

သတ္တိအောင်(မြန်မာ)နှင့် ရေတ(ထိုင်း)တို့ပွဲက ပြိုင်ဆိုင်မှုပြင်းထန်ရန် သေချာနေသည်။ ရေတသည် မုဒုံမြို့နယ် ဝင်းစိန်ပွဲတွင် စိုးမိုးဟိန်းကို အစီးသရေထိုးသတ်ထားသူဖြစ်ပြီး ရွှေခါးပတ်ချန်ပီယံနှင့် ဒဂုံရွှေအောင်လံဆုရှင် သတ္တိအောင်ကလည်း ဧပြီလက တောင်ကလေးပွဲတွင် မွေထိုင်းလေဒါကို အလဲထိုး နိုင်ပွဲရထားသည်။ အဆိုပါတောင်ကလေးပွဲ၌ပင် မွေထိုင်းဒန်ချိုင်းကို ပွဲသိမ်းဒူးဖြင့် အနိုင်ယူခဲ့သော ရွှေခါးပတ်ချန်ပီယံ ဒေါနအောင်က ယခုပွဲ၌ အာခွန်း(ထိုင်း)နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်။ အာခွန်းသည် ယခုသိမ်ဖြူရုံ၌ စိုးလင်းဦးကို သတ်ကွက်စီးခဲ့သော်လည်း နောက်ဆုံးအချီတွင်မှ အလဲထိုးခံခဲ့ရခြင်းအတွက် နောက်တစ်ခေါက်ရောက်လာခြင်းဖြစ်သည်။ ထို့ကြောင့် ၎င်းတို့ပွဲက ပြိုင်ဆိုင်မှု ပြင်းထန်မည်ဖြစ်သကဲ့သို့ ရွှေထွန်းယုံ(မြန်မာ)နှင့် ချာနန်လစ်(ထိုင်း)၊ ဒေါင်းသည်းခြေ(မြန်မာ)နှင့် ကွမ်ငမ်း(ထိုင်း)၊ စူပါ(မြန်မာ)နှင့် ရော့စီ(ထိုင်း)၊ ရန်တိုင်းကျော်(မြန်မာ)နှင့် နန်ပက်(ထိုင်း)တို့ပွဲများကလည်း သရေပွဲထက် အလဲအကွဲ အဖြေထွက်မည့် အနေအထားရှိကြကြောင်း လေ့လာတွေ့ရှိရသည်။

အဆိုပါပွဲများအတွက် ရုံဝင်ကြေးငွေကျပ် ၁၅၀၀၀၊ ၁၂၀၀၀၊ ၈၀၀၀ သတ်မှတ်ထားပြီး မည်သည့်ရုပ်သံလိုင်းတွင်မှ တိုက်ရိုက်ထုတ်လွှင့်မည်မဟုတ်ဘဲ ကြိုတင်လက်မှတ်များကို ဇော်ပစ်တိုင်းထောင်ဗီဒီယို၊ (၃၅) လမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ် ဖုန်း-၀၁-၂၄၉၁၁၇၊ ၀၉-၅၀၈၇၉၇၉ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ ဇင်လင်းထွန်း(နေဖြူ)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ မြိုင်သာယာရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ်(၁၈၁)တွင် ပါတီရုံးချုပ်တည်ရှိသော **မွန်ဒီမိုကရေစီပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၇-၆-၂၀၁၂ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

မွန်ဒီမိုကရေစီပါတီ၏ အလံပုံစံ

မွန်ဒီမိုကရေစီပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဇွန် ၇

မြန်မာနိုင်ငံ ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ် Champion Challenge Cup Tournament (Bodybuilding) 2012 ပြိုင်ပွဲနှင့် ၂၀၁၂ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလနှင့် အမျိုးသမီး ကာယကြံ့ခိုင်မှုပြိုင်ပွဲများကို ဇွန် ၂၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Convention Centre ၌ ကျင်းပမည်ဖြစ်သည်။ Champion Challenge Cup ပြိုင်ပွဲတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ထူးချွန်သည့် အားကစားသမားများ ပေါ်ထွန်းလာရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များကိုယ်စားပြု ကလပ်အသင်းများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ကိုယ်အလေးချိန် ၅၅၊ ၆၀၊ ၇၀၊ ၈၀ နှင့် ၉၀ ကီလိုတန်းများ ထည့်သွင်းယှဉ်ပြိုင်မည်ဖြစ်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အသင်းများက တစ်တန်းလျှင် နှစ်ဦးနှုန်းဖြင့် ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

အိုလံပစ်နေ့ အထိမ်းအမှတ် ကာယဗလနှင့် အမျိုးသမီးအားကစားကြံ့ခိုင်မှုပြိုင်ပွဲများတွင် သက်ကြီးတန်း ကာယဗလမောင်ပြိုင်ပွဲကို အသက်(၄၀)နှင့်အထက် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲများတွင် အမျိုးသမီး Fitness Physique ပြိုင်ပွဲနှင့် Model Physique ပြိုင်ပွဲ နှစ်မျိုးပါဝင်ပြီး အရပ် ၅ပေ ၂ လက်မအထက် ရှိရမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စိတ်ပါဝင်စားသည့် တိုင်းဒေသကြီး/ ပြည်နယ်များမှ ကလပ်အသင်းများနှင့် အားကစားသမားများသည် ဇွန် ၁၈ ရက် နောက်ဆုံးထား၍ အဖွဲ့ချုပ်အထွေထွေ အတွင်းရေးမှူး ဦးကျော်သန်းနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် စည်ပင်ဝင်း ကာယဗလစခန်းတာဝန်ခံ ဦးဝင်းကြည်တို့ထံ စာရင်းပေးပို့ရမည်ဖြစ်ပြီး အမျိုးသမီးကာယကြံ့ခိုင်မှု ပြိုင်လိုသူများသည် အဖွဲ့ချုပ်အမှုဆောင် ဒေါ်ရီရီဝင်း ဖုန်း-၀၉-၈၅၂၄၂၀၇ နှင့် ဒေါ်အိသန္တာကျော် ဖုန်း-၀၉-၅၁၈၈၉၉၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဂေါက်သီးရိုက်ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ သိန်းနိုင်စိုး ဆက်လက်ဦးဆောင်ကစားလျက်ရှိ

ရန်ကုန် ဇွန် ၇

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ Myanmar Brewery Ltd. က အဓိကကူညီပံ့ပိုးသည့် Tiger Myanmar Amateur Open Golf Championship 2012 ဂေါက်သီးရိုက်ပြိုင်ပွဲ၏ တတိယနေ့(၁၈)ကျင်းပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန်ဂေါက်ကလပ်(တညင်းကုန်း)၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းနှင့် အမှုဆောင်များ၊ Myanmar Brewery Ltd. မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဂေါက်သီးရိုက်အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီး၌ မြန်မာနိုင်ငံမှ မြန်မာ့လက်ရွေးစင် ဂေါက်သီးရိုက်အားကစားသမား သိန်းနိုင်စိုးသည် ပထမနေ့ပြိုင်ပွဲတွင် ၇၂ ချက်၊ ဒုတိယနေ့ပြိုင်ပွဲ၌ သတ်မှတ်ရိုက်ချက်ထက် လေးချက်လျော့ရိုက်ကာ ၆၈ ချက်၊ တတိယနေ့ပြိုင်ပွဲ၌ သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ပြီး ၆၆ ချက် သုံးရက်ပေါင်း ၂၀၆ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

KASIDIT LEPKURTE (ထိုင်း)က သုံးရက်ပေါင်း ၂၁၅ ချက်ဖြင့် ဒုတိယနှင့် ARIE FAUZI (မလေးရှား) က သုံးရက်ပေါင်း ၂၁၇ ချက်ဖြင့် တတိယလိုက်နေသည်။

ပြိုင်ပွဲ၏ စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲကို ဇွန် ၈ ရက် နံနက် ၇ နာရီခွဲတွင် ယင်းဂေါက်ကလပ်၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီး ယူ-၁၃ အသင်း ဟိုချီမင်းသို့ထွက်ခွာ

ရန်ကုန် ဇွန် ၇

မြန်မာအမျိုးသမီး ယူ-၁၃ ဘောလုံးအသင်းသည် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပမည့် 2012 AFC U-13 Girls' Football Tournament ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားသည်။ မြန်မာအမျိုးသမီးအသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်နှင့် အမျိုးသမီးအသင်းများတာဝန်ခံ ဒေါ်မြတ်မြတ်ဦးတို့က ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

မြန်မာအမျိုးသမီး ယူ-၁၃ အသင်းသည် 2012 AFC U-13 Girls' Football Tournament ပြိုင်ပွဲ အုပ်စု (C) တွင် အိမ်ရှင် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဂူအမ်၊ ဖိလစ်ပိုင်၊ ထိုင်းအသင်းများနှင့်အတူ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်(AFC) အနေဖြင့် ယခင်က ယူ-၁၃၊ ၁၄ ပြိုင်ပွဲများ ကျင်းပခဲ့ခြင်းမရှိဘဲ Football Festival များသာ ကျင်းပခဲ့ရာမှ ယခုနှစ်မှစတင်ကာ Tournament ပြိုင်ပွဲပုံစံဖြင့် စတင်ကျင်းပခြင်းဖြစ်သည်။ ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် ကစားသမားများကို အခြေခံပညာကျောင်းများမှ အားကစားသမားများဖြင့် စုဖွဲ့ထားခြင်းဖြစ်သည်။

မြန်မာအမျိုးသမီး ယူ-၁၃ အသင်း၏ ပွဲစဉ်များ

၉-၆-၂၀၁၂
မြန်မာ-ထိုင်း
(Thong Nhat Stadium, Ho Chi Minh)

၁၀-၆-၂၀၁၂
မြန်မာ-ကမ္ဘောဒီးယား
(Thong Nhat Stadium, Ho Chi Minh)

၁၁-၆-၂၀၁၂
မြန်မာ-ဗီယက်နမ်
(Thong Nhat Stadium, Ho Chi Minh)

၁၃-၆-၂၀၁၂
မြန်မာ-ဖိလစ်ပိုင်
(Thong Nhat Stadium, Ho Chi Minh)

၁၄-၆-၂၀၁၂
မြန်မာ-ဂူအမ်
(Thong Nhat Stadium, Ho Chi Minh)

ဇော်မင်းအောင်(၁၀၇)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

နိုင်ငံတကာ အားကစားသတင်း နိုင်ငံတကာ အားကစားသတင်း

ယူရို ၂၀၁၂ ပြိုင်ပွဲဝင် အင်္ဂလန်အသင်းအတွက် ဂျိုးဟတ်သည် မရှိမဖြစ်ကစားသမားဟုဆို

အင်္ဂလန် ဇွန် ၇

အင်္ဂလန်အသင်းသည် ပိုလန်နှင့် ယူကရိန်းတို့ ပူးတွဲကျင်းပသော ယူရို ၂၀၁၂ ပြိုင်ပွဲတွင် အသင်း၏ဂုဏ်သိက္ခာကို ဆယ်ယူရန်အတွက် အင်္ဂလန်ဂိုးသမား ဂျိုးဟတ်ကဲ့သို့သော အစွမ်းအစရှိသည့် ကစားသမားအချို့ လိုအပ်ကြောင်း အင်္ဂလန်အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်က ပြောကြားခဲ့သည်။



ထို့ပြင် အင်္ဂလန်အသင်းဂိုးသမား ဂျိုးဟတ်သည် အင်္ဂလန်အသင်းအတွက် မရှိမဖြစ်အရေးပါသော ထိပ်တန်းအဆင့်ရှိ ဂိုးသမားတစ်ဦးအဖြစ် ရွိုင်းဟော့ဂ်ဆန်က ယုံကြည်ထားသည်ဟုဆိုသည်။

အသက်(၂၅)နှစ်အရွယ်ရှိ အင်္ဂလန်နှင့် မန်စီးတီးဂိုးသမား ဂျိုးဟတ်သည် အင်္ဂလန်အသင်း၏ နံပါတ်တစ်အဆင့်ရှိ ဂိုးသမားဖြစ်ပြီး ၎င်း၏ ကလပ် မန်စီးတီးအသင်းအတွက် ပရီမီယာလိဂ်ဖလားကို ၄၄ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်ကိုင်မြှောက်ခွင့်ရရှိရန် စွမ်းဆောင်ပေးနိုင်ခဲ့သည့် ဂိုးသမားတစ်ဦးဖြစ်သည်။

ထို့ပြင် အင်္ဂလန်အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်က ပိုလန်နှင့် ယူကရိန်းတို့ ပူးတွဲကျင်းပသည့် ယူရို ၂၀၁၂ ပြိုင်ပွဲတွင် အင်္ဂလန်အသင်းအောင်မြင်မှုရရှိရေး ဂျိုးဟတ်က စွမ်းဆောင်ပေးနိုင်မည်ဟုလည်း သုံးသပ်ထားကြောင်း ဆိုသည်။

ဂျိုးဟတ်သည် အင်္ဂလန်အသင်းအတွက် မရှိမဖြစ်သော ဂိုးသမားဖြစ်သည့်အပြင် မန်စီးတီးအသင်းအတွက်လည်း အကောင်းဆုံးလက်စွမ်းပြ ဂိုးသမားဖြစ်ခြင်းကြောင့် အင်္ဂလန်အသင်း ယူရို ၂၀၁၂ အောင်မြင်မှုအတွက် ဂျိုးဟတ်အကူအညီလိုအပ်လိမ့်မည်ဖြစ်သည်။ ဂျိုးဟတ်အနေဖြင့် အကောင်းဆုံးလက်စွမ်းပြနိုင်ပါက အင်္ဂလန်အသင်းအနေဖြင့် ဂျိုးဟတ်အား ထိပ်တန်းအဆင့်ရှိ ဂိုးသမားအဖြစ် လိုအပ်နေသည်မှာ သံသယဖြစ်ဖွယ်မရှိကြောင်း ရွိုင်းဟော့ဂ်ဆန်က ပြောကြားခဲ့သည်။

အင်တာနက်။

အင်္ဂလန်အသင်းအတွက် မရှိမဖြစ်အရေးပါသော ဂိုးသမား ဂျိုးဟတ်။

အဲဗာတန် ကွင်းလယ်ကစားသမား ဖယ်လိုင်နီကို ခေါ်ယူရန် ချယ်လ်ဆီး ဆန္ဒရှိနေ

လန်ဒန် ဇွန် ၇

ချယ်လ်ဆီးအသင်းသည် ချန်ပီယံလိဂ်ဖလားကို ပထမဆုံးအကြိမ်ဆွတ်ခူးခဲ့ပြီးနောက် ကစားသမားဖြည့်တင်းမှုအနေဖြင့် အဲဗာတန် ကွင်းလယ်ကစားသမား ဖယ်လိုင်နီအား ပေါင်သန်း ၂၀ ဖြင့် ရရှိနိုင်သည်ဟု ယုံကြည်ကာ ယခုနှစ်နွေရာသီ ကစားသမားသစ်ခေါ်ယူမှု၏ တစ်စိတ်တစ်ဒေသအဖြစ် ပစ်မှတ်ထားလာကြောင်း ဇွန် ၇ ရက် အားကစားသတင်းတစ်ရပ်က ဖော်ပြသည်။

ချယ်လ်ဆီးအသင်းသည် ယခုနှစ်ကစားသမားအပြောင်းအရွှေ့ကာလတွင် ပေါင်သန်း ၁၀၀ အထိ အကုန်အကျခံသွားမည်ဖြစ်ခြင်းကြောင့် အဲဗာတန်ကွင်းလယ်ကစားသမား ဖယ်လိုင်နီအား ပေါင်သန်း ၂၀ ဖြင့် ခေါ်ယူရန် အသင့်ရှိနေကြောင်း ချယ်လ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်က ပြောကြားခဲ့သည်။

လက်ရှိတွင်မူ ချယ်လ်ဆီးအသင်းသည် လိုင်လီအသင်းမှ ဘယ်လ်ဂျီယံကြယ်ပွင့် အေဒင်ဟားဇက်အား ပြောင်းရွှေ့ကြေးပေါင် ၃၂ သန်းဖြင့် လည်းကောင်း၊ ဝါဒါဘရီမင်အသင်းမှ ဂျာမနီကွင်းလယ်ကစားသမား မာကိုမာရင်အား ပေါင် ရှစ်သန်းဖြင့် လည်းကောင်း ခေါ်ယူထားခဲ့ပြီးဖြစ်ကြောင်းလည်း အေဗရာမိုဗစ်ချ်က ပြောကြားခဲ့သည်။

ထို့ပြင် ပေါ်တိုအသင်းမှ ဘရာဇီးတိုက်စစ်မှူး ဟော့ခ်အား ပြောင်းရွှေ့ကြေး ပေါင် ၃၈ သန်းဖြင့် စာချုပ်ရန်လည်း နီးစပ်နေကြောင်း၊ သို့သော် ချန်ပီယံလိဂ်ချန်ပီယံချယ်လ်ဆီးအသင်းသည် ကျန်ရှိနေသေးသည့် ကစားသမားခေါ်ယူမည့်စာရင်းတွင် ဖယ်လိုင်နီအား ဦးစားပေး ကစားသမားအဖြစ် သတ်မှတ်ထားကြောင်း ပြောကြားခဲ့သည်။

ချယ်လ်ဆီးအသင်းသည် တိုက်စစ်မှူး တောရက်အား ပေါင် သန်း ၂၀ ဖြင့် ရောင်းချရန် ရည်ရွယ်ထားပြီး ညာနောက်ခံကစားသမားအဖြစ်ခေါ်ယူရန်အတွက်ကိုမူ အိုင်းယက်အသင်းမှ ဗန်ဒါဝီးလ်ကို စိတ်ဝင်စားနေသည်ဟု ဆိုသည်။ **အင်တာနက်။**

အဲဗာတန် ကွင်းလယ်ကစားသမား ဖယ်လိုင်နီ။

နိုင်လင်းကြည်

ယဉ်ကျေးမှုဝန်ကြီးဌာန
ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ အောက်ဖော်ပြပါ လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) အမျိုးသားပြတိုက်(ရန်ကုန်)အထွေထွေမွမ်းမံပြင်ဆင်ခြင်း
(ခ) စစ်တွေဗုဒ္ဓပြတိုက် အထွေထွေမွမ်းမံခြင်း
(ဂ) စစ်တွေယဉ်ကျေးမှုပြတိုက် အထွေထွေမွမ်းမံခြင်း
(ဃ) စစ်ကိုင်းဗုဒ္ဓပြတိုက်အထွေထွေမွမ်းမံခြင်း
(င) စစ်ကိုင်းဌာနခွဲရှိ နှစ်ခန်းတွဲအရာရှိ အိမ်ရာတည်ဆောက်ခြင်းနှင့် နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း
(စ) တောင်ကြီးပြတိုက်နှင့် စာကြည့်တိုက် အထွေထွေမွမ်းမံခြင်း
(ဆ) ညောင်ရွှေဗုဒ္ဓပြတိုက် အထွေထွေမွမ်းမံခြင်း
(ဇ) လှိုင်ကော်ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက် အထွေထွေမွမ်းမံခြင်း

တင်ဒါရောင်းချမည့်ရက် - (၁၃-၆-၂၀၁၂)မှ(၁၈-၆-၂၀၁၂)
တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - (၁၉-၆-၂၀၁၂)နံနက် ၁၁ နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင်စုံစမ်း၍ တစ်စောင်လျှင်(၅၀၀၀/)ကျပ်နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန
(နေပြည်တော်)
ဖုန်း-၀၆၇-၄၀၈၀၂၇
ဖုန်း-၀၈၃-၂၁၃၀၇(လှိုင်ကော်ဌာနခွဲ)









ဖခင် အမည်မှန်	အထက(သုဝဏ္ဏ) Grade VI မှ မောင်ရှမွေလ၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းဖြစ်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇-B၊ မြေကွက်အမှတ် ၁၂/ည၊ မြေကွက်တည်နေရာ အမှတ်-၅၅၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန် (ဒေါ်တင်အုန်း) အမည်ပေါက်မြေပိုင်မြေ လ/န(၃၉)မြေအား အမည်ပေါက် ဒေါ်တင်အုန်း ကွယ်လွန်သဖြင့် သေစာရင်းမိတ္တူ၊ ခင်ပွန်းဖြစ်သူ ဦးတင်အောင် (ကွယ်လွန်)သဖြင့် သေစာရင်းမိတ္တူနှင့်ကျမ်းကျိန်လွှာများတင်ပြ၍ အမည်ပေါက်၏ သား (၃)ဦးဖြစ်သော (၁)ဦးအေးဖေ [၉/ပဘန(နိုင်) ၁၁၆၀၇၆]၊ (၂)ဦးတင်ထွန်း [၁၂/အစန(နိုင်) ၀၂၈၃၈၄]၊ (၃)ဦးသန်းထိုက်[၁၂/အစန(နိုင်) ၁၄၆၂၉၄]နှင့် ကျန်သား(၂)ဦးဖြစ်သော ဦးစိုးတင် (ကွယ်လွန်)သဖြင့် ဇနီးဖြစ်သူ(၄) ဒေါ်ကြူကြူစိန် [၁၂/အစန(နိုင်) ၀၃၁၅၉၃]နှင့် ဦးညီညီဝင်း (ကွယ်လွန်) သဖြင့် ဇနီးဖြစ်သူ (၅) ဒေါ်မာမာအေး [၉/ကဆန(နိုင်) ၀၈၆၀၉၉]တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရွှေဥ ရာဇသစ် ၏ မေတ္တာကုသိုလ် ကံစမ်းမဲ (၁-၅-၂၀၁၂မှ၃၁-၁-၂၀၁၃ထိ)

ရွှေဥရာဇသစ် စိန်ရွှေရတနာဆိုင်မှ စိန်ထည်၊ ရွှေထည်၊ ကျောက်မျက်ရတနာများကို ဝယ်ယူအားပေးသောသူများအား

ရတနာသည် သင့်အတွက် ထာဝရ ရတနာရလိုက ရွှေဥရာဇသစ် သို့ကြွခဲ့ပါ

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ပဒုမ္မာလမ်း၊ အမှတ်(၁)နေ
ဦးတင်သန်း-ဒေါ်သောင်းရီ (ရွှေအင်းသား ငါးပိ၊ ငံပြာရည်)တို့၏ ဒုတိယသား

မောင်မျိုးမြင့်သန်း B.Sc (Botany)

နှင့်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၇)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊
အမှတ်(၄၇၆/ခ)နေ ဦးစိုးတင့် (ထွေ/အုပ်-ငြိမ်း)-
ဒေါ်လှလှသန်း ("စိန်ပန်း" ဆန်နှင့်ကုန်မျိုးစုံရောင်းဝယ်ရေး)တို့၏ တတိယသမီး

မငွေးငွေးကြည် B.A (History)

တို့၏ ၂၆-၅-၂၀၁၂ ရက်(စနေနေ့) တွင် Yuzana Garden Hotel ၌ ကျင်းပသည့် မင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဝဏ္ဏကျော်ထင် ဗိုလ်မှူးကြီးသိုက်ထွန်း(ငြိမ်း) ဒုတိယဝန်ကြီး(ငြိမ်း)၊ သစ်တောရေးရာဝန်ကြီးဌာနနှင့် ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နွဲ့နွဲ့ကြည်အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ဦးခင်လတ်(ညွှန်ကြားရေးမှူး-ငြိမ်း၊ ပြည်တွင်းအခွန်များဦးစီးဌာန)နှင့် ဇနီး ဒေါ်ခင်ဝင်း (နီလာဝင်းကုမ္ပဏီလီမိတက်)အား လည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာပန်းကြဲပေးပါသော မဖြူစင်သန့်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော မခင်မြတ်စု၊ မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးပါသော မမြမြငွေး၊ သတို့သားအရံ မောင်မင်းဖြိုးမွန်သိန်း၊ မောင်လှိုင်မင်းထွန်းနှင့် သတို့သမီးအရံ မခိုင်ဇာသွယ်၊ မနွယ်နွယ်ဝင်းတို့အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင် စိမ်းမို့မို့၊ မင်္ဂလာတေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေပေးပါသော The Aces တီးဝိုင်းနှင့် တေးသံရှင်များ၊ မင်္ဂလာပန်းအလှဆင်ပေးပါသော ကိုဆွေ၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ပေးပါသော ထွန်းထွန်း(ခင်စန်းဝင်း)နှင့် မိတ်ကပ် စင်ဒီ၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးသော မိုးကိုဦးနှင့် အဖွဲ့သားများအား လည်းကောင်း၊ မင်္ဂလာပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ Yuzana Garden Hotel မန်နေဂျာနှင့်ဝန်ထမ်းများ၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မျိုးမြင့်သန်း-မငွေးငွေးကြည်

AUNG HTUSAN PREDICTION CENTER

Mind reader through Occult Science

iStock®

Contact Us ...

Galaxy Software Services Co., Ltd.

Golden Orbit Int'l Travels & Tours

01- 51 51 38, 530 910, 09 731 48112

Air Ticket ,Visa ,D-form ,Car Rental, Hotel

ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၅-၂၀၁၂ကြေးမုံသတင်းစာ စာမျက်နှာ(၁၆)ပါ ဦးဇေဗီးယား၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၄၊ မြေကွက်အမှတ် ၁/စ^က၊ရေိယာဝဒသမဝ၈၂၉ကေ၊ မြေကွက်တည်နေရာအမှတ်-၁၃၆၊ ပြည်လမ်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဦးထွန်းလှိုင်ဇော် (ဓာတု)

ဖုန်း-၀၉-၄ ၂၀၀၄၄ ၂၆၆၊ ၀၉-၇၃၀၁ ၂၈၄၇

ကျေးဇူးဆပ်ပါမည်

ဝင်းအောင်၏ နိုင်ငံကူးလက်မှတ် အမှတ် MO 22201 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၇၀၃၃၇၂

ပျောက်ဆုံးကြောင်း

ကျွန်တော် မာမက်အာလံ၏ နိုင်ငံကူးလက်မှတ် N0.148776 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉ ၄၉၇၃၄၃၁၉**

ပျောက်ဆုံးခြင်း

ကျွန်တော် မောင်လင်းထက်၏ MICB Bank စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၄၃၀၂၄၇၀၀

ကျေးဇူးဆပ်ပါမည်

ဦးအုန်းမြင့်၏ သင်္ဘောသား လုပ်သက်မှတ်တမ်းစာအုပ် အမှတ် - ဘီ-၆၄၄ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကကျေးဇူးဆပ်ပါမည်။

ဖုန်း-၂၅၀၅၁၉

သားသမီးကို ချစ်လျှင်

(၁၀)ရက်နှင့်အထက် မှာယူပါက 20% Discount

N.G.E.S

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ကျပ်ငွေဖြင့်ခန့်ထားရန်)

ဂမုန်းပွင့်ကုမ္ပဏီလီမိတက်သည် မြန်မာနိုင်ငံတွင် လက်လီအရောင်းဆိုင်လုပ်ငန်းများအား လုပ်ကိုင်နေသော ကုမ္ပဏီဖြစ်ပါသည်။ ကုမ္ပဏီသည် အောက်ဖော်ပြပါ ရာထူးနေရာအတွက် အောက်ဖော်ပြပါ အရည်အချင်းရှိသူတစ်ဦး အလိုရှိပါသည်-

(၁) ခန့်အပ်မည့်ရာထူးအမည်Human Resources Manager ကျား/မ(၁)ဦး
(၂) လိုအပ်သည့်အရည်အချင်းများ
(က) Human Resources ဘာသာရပ်(သို့) Business Administration ဘာသာရပ် (သို့) ယခုလုပ်ငန်းနှင့်ပတ်သက်သည့် ဘွဲ့၊ ဒီဂရီတစ်ခုခုရရှိထားပြီး အသက်(၃၀)နှစ်မှ (၅၅)နှစ်အတွင်းရှိသူဖြစ်ရမည်။
(ခ) Human Resources Manager and Development လုပ်ငန်းများတွင် အနည်းဆုံး(၃)နှစ် တာဝန်ယူလုပ်ကိုင်ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံရှိရမည်။
(ဂ) အလုပ်သမားရေးရာနှင့်ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေနှင့်လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်နားလည်ထားသူ ဖြစ်ရမည်။
(ဃ) ကုမ္ပဏီ၏အနာဂတ်အမြင်များ ရည်မှန်းချက်များနှင့် အကောင်အထည်ဖော်လုပ်ဆောင်နေမှုများကို ဝန်ထမ်းများသိရှိနားလည်သဘောပေါက်ပြီး နိုးကြားတက်ကြွစွာလုပ်ဆောင်ကြစေရန်၊ စနစ်တကျ ဆက်စပ်ပေါင်းကူး ညှိနှိုင်းဆောင်ရွက်နိုင်စွမ်းရှိရမည်။
(င) ဝန်ထမ်းများ အရည်အချင်း၊ အရည်အသွေးများ တိုးတက်မြင့်မားကောင်းမွန်လာစေရေးအတွက် အဆင့်ဆင့်သောဝန်ထမ်းများနှင့် လိုက်လျောညီထွေရှိမည့် သင်တန်းများကို ပို့ချနိုင်ရန် စီစဉ်ဆောင်ရွက်နိုင်စွမ်းရှိပြီး သက်ဆိုင်ရာဘာသာရပ်များကိုလည်း သင်ကြားပို့ချနိုင်ရမည်။
(စ) ရင်ဆိုင်တွေ့ကြုံရသော ပြဿနာများ၏ဒဏ်ကို ကြံ့ကြံ့ခံနိုင်စွမ်းရှိပြီး ကြုံတွေ့လာသည့် အခက်အခဲများကို ကောင်းမွန်စွာရင်ဆိုင်ဖြတ်ကျော်၍ ရလဒ်များရရှိအောင် ဆောင်ရွက်နိုင်သည့် ကိုယ်ပိုင်စွမ်းရည် အပြည့်အဝရှိသူဖြစ်ရမည်။
(ဆ) လုပ်ငန်းခွင်တွင်လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများနှင့်ပတ်သက်၍ တိကျပြတ်သားစွာ ရှင်းလင်းပြောဆိုနိုင်ပြီး ပိုမိုတိုးတက်ကောင်းမွန်သော အကြံသစ်၊ ဉာဏ်သစ်များကို တင်ပြနိုင်ခြင်းရှိရမည့်အပြင် အစီရင်ခံစာများကိုလည်း အချက်အလက်အထောက်အထားပြည့်စုံစွာဖြင့် ရေးသားတင်ပြနိုင်စွမ်းရှိရမည်။

၃။ ဖော်ပြပါရာထူးနေရာအတွက် တာဝန်ယူလုပ်ဆောင်ရန် လျှောက်ထားလိုသူများသည် မျှော်မှန်းလစာ၊ကိုယ်ရေးမှတ်တမ်းအကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ (၃)လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံ(၁)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပညာအရည်အချင်းအတွက် အထောက်အထားမိတ္တူ၊ လုပ်ငန်းအတွေ့အကြုံ ထောက်ခံချက်တို့နှင့်အတူ အမှတ်(၂၄၅)၊ ဗားကရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်သို့ ၁၀-၆-၂၀၁၂ ရက် နောက်ဆုံးထား၍ လျှောက်လွှာများ ပေးပို့လျှောက်ထားနိုင်ပါသည်။

'သည်း'အတွက် ငွေရတုမွေးနေ့မင်္ဂလာဆုမွန်

မေမေ့အတွက် တန်ဖိုးအထားရဆုံး သမီးရတနာ **သည်းစန္ဒီမောင်မောင်** Reliability Engineer(Junior)Etihad Airways,(UAE)(ခေတ္တ-ရန်ကုန်)ရဲ့ ၈-၆-၂၀၁၂ ရက် ငွေရတုမွေးနေ့ရက်မြတ်မှသည် ရွှေရတု၊ စိန်ရတု မွေးနေ့ပေါင်းရာကျော်တိုင်အောင် အသက်ရှည်စွာ အနာမဲ့၍ ပျော်ရွှင်ခြင်းအားလုံးသည် **သည်း**အတွက်၊ ထင်ပေါ်ကျော်ကြားခြင်းတို့သည် **မီးမီး**အတွက်၊ ပြီးပြည့်စုံချမ်းသာမှုအပေါင်းသည် မေမေ့အချစ်ဆုံးအတွက်ဖြစ်ပါစေလို့ မေမေမှ ငွေရတုမွေးနေ့မင်္ဂလာ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

မေမေ မက်ခွင့်မရခဲ့တဲ့ အိပ်မက်တွေကို အကောင်အထည်ဖော်ပေးနေဆဲ ထက်မြက်လွန်းတဲ့ လိမ္မာနားလည်သိတတ်လွန်းတဲ့ သမီးကို ငေးကြည့်ရင်း ကြည်နူးမဆုံး ကျေနပ်ပီတိဖြင့်. . .

သမီးရဲ့ သည်းချစ်မေမေ

ဒေါ်စန္ဒာသန်း

မွေးနေ့မင်္ဂလာဆုမွန်လွှာ

အေးမြတ်သူ (ဗီဒီယိုရုပ်ရှင်သရုပ်ဆောင်)

၈-၆-၂၀၁၂ရက်တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် သမီးလျှောက်လှမ်းနေသော အနုပညာလမ်းခရီးမှာ သာယာပျော်ရွှင်အေးချမ်းစွာ လျှောက်လှမ်းနိုင်ပါစေ-

ချစ်သော

ဖေဖေ - ဦးအောင်မြင့်
မေမေ - ဒေါ်မူမူစိန်
ကိုကြီး - ကိုအောင်ကျော်မိုး

PUBLIC COMPANY ဖွဲ့စည်းရန်အတွက် ပဏာမအကြံပြုဆွေးနွေးပွဲပြုလုပ်ရန် ဖိတ်ကြားရက်အား ရွှေ့ဆိုင်းခြင်း

